ကြေးမုံ The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်၊ တနင်္ဂနွေနေ့ (1-5-2011) (၆၇၄၆)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကို စတင်အကောင်အထည်ဖော်နေ

ကိုလိုနီနယ်ချဲ့လက်သစ်များ၏ သွေးခွဲသပ်လျှိုနှောင့်ယှက်မှုများကို တွန်းလှန်ကာကွယ်ရေး နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများနှင့် တောင်သူလယ်သမားကြီးများက စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၁ ခုနှစ် အလုပ်သမားနေ့ သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်သည်။

ချစ်ကြည်လေးစားအပ်သော အလုပ်သမားကြီးများခင်ဗျား-

၂၀၁၁ ခုနှစ်၊ မေလ ၁ ရက်နေ့တွင် ကျရောက်သော အလုပ်သမားနေ့အခါသမယတွင် မိမိတို့၏ ကာယအား၊ ဉာဏအား စွမ်းပကားတို့ဖြင့် နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းစွမ်းဆောင်ပေးလျက်ရှိသော တိုင်းရင်းသား အလုပ်သမားကြီးများအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာကြလျက် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းဖြင့် ဤသဝဏ်လွှာကို ဂုဏ်ပြုပေးပို့အပ်ပါသည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတစ်နိုင်ငံ ဖြစ်လာစေရေးအတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်သွားမည်ဖြစ်ပါသည်။ ထိုသို့ ကြိုးပမ်းတည်ဆောက်ရာ၌ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်တွင် အလုပ်သမားကြီးများ၊ တောင်သူလယ်သမားကြီးများက မိမိတို့ကျရာကဏ္ဍမှ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်မြင့်မားရေးအတွက် အားသွန်ခွန်စိုက် အားထုတ်ကြိုးပမ်းစွမ်းဆောင်သွားကြမည်ဆိုပါက နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍအသီးသီးတွင် တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်တွင် အတည်ပြုပြီးသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ပထမအကြိမ် လွှတ်တော်အသီးသီးကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးမဏ္ဍိုင်သုံးရပ်ကို ခိုင်ခိုင်မာမာဖွဲ့စည်းကာ ဒီမိုကရေစီနိုင်ငံတော်ကို စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အဓိကလူတန်းစားများဖြစ်ကြသည့် တောင်သူလယ်သမားများနှင့် အလုပ်သမားများ၏ စွမ်းပကားကို အဓိကအားထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်အဖြစ်သို့ အမြန်ဆုံးရောက်ရှိအောင် ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

စီးပွားရေးတွင် မိမိတို့နိုင်ငံ၏ ကြီးမားကျယ်ပြန့်သော လယ်ယာစိုက်ပျိုးရေးကဏ္ဍကြီး အရှိန်အဟုန်ဖြင့် တိုးတက်စေရေးအတွက် အခြေခံကောင်းများကို တည်ဆောက်ထားပြီး ဖြစ်ပါသည်။ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ကို ခေတ်မီစက်မှုနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိစေရန် နိုင်ငံတော်၏ သဘာဝအရင်းအမြစ်များကို အခြေပြု၍ လိုအပ်သည့် အရင်းအနှီးများကို နည်းလမ်းမျိုးစုံဖြင့် စုစည်းခြင်း၊ အသိပညာရှင်၊ အတတ်ပညာရှင် လူ့အရင်းအမြစ်များကို လေ့ကျင့်သင်ကြားမွေးထုတ်ခြင်း စသည့် ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးအတွက် လိုအပ်ချက်များကို ကြိုးစားဖြည့်ဆည်းပေးလျက်ရှိပါသည်။

နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်တစ်ဝန်းလုံးတွင် ခေတ်မီစက်ရုံ၊ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များကို နိုင်ငံတော်ပိုင်းအနေဖြင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုဖြင့် တိုင်းရင်းသားပုဂ္ဂလိကပိုင်းအနေဖြင့်လည်းကောင်း တိုးချဲ့ထူထောင် လုပ်ကိုင်လျက်ရှိသည့်အလျောက် အလုပ်သမားကြီးများကိုယ်တိုင် ခေတ်မီကုန်ထုတ်စက်ကိရိယာများ၊ အီလက်ထရွန်နစ် ပစ္စည်းကိရိယာများကို ကိုင်တွယ်သုံးစွဲကြလျက် နိုင်ငံတကာအဆင့်မီကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်ပြီ ဖြစ်ပါသည်။ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍လည်း ခေတ်မီစက်ရုံ၊ အလုပ်ရုံများ တည်ထောင်ထုတ်လုပ်ခွင့်ပြုလျက်ရှိရာ အလုပ်သမားကြီးများအတွက် ကျွမ်းကျင်မှုအလိုက် လုပ်ခလစာနှင့် အခွင့်အရေးများ၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ကြပြီ ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန် ရရှိလာသည့်အလျောက် ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လန်းလာမှုနှင့် ဝင်ငွေတိုးပွားလာမှု၊ အလုပ်ခွင်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုပ်ငန်းခွင် သာယာရေးအပါအဝင် အလုပ်သမားများ၏ ခံစားခွင့်များ ပိုမိုရရှိလာမှု၊ လူနေမှုအဆင့်အတန်း မြင့်မားလာမှု စသည့် အကျိုးရလဒ်ကောင်းများကို အလုပ်သမားကြီးများ ရရှိခံစားနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။

ထိုသို့ နိုင်ငံနှင့် လူမျိုးဖွံ့ဖြိုးမှု ဆပွားတိုးတက်ရေးအတွက် အလုပ်သမားကြီးများအပါအဝင် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှုစွမ်းအားဖြင့် ကြိုးပမ်းတည်ဆောက်နေသည့်အချိန်အခါတွင် ကိုလိုနီနယ်ချဲ့ လက်သစ်တို့က ယင်းတို့၏ တပည့်တပန်းလက်ကိုင်တုတ်များကို အလုပ်သမားအရေခြုံစေ၍ အပြည်ပြည်ဆိုင်ရာ မျက်နှာစာတွင် မြန်မာနိုင်ငံတော်နှင့် မြန်မာအလုပ်သမားကြီးများ အကျိုးပျက်ပြားအောင် နည်းမျိုးစုံဖြင့် လှုပ်ရှားလုပ်ကိုင်လျက်ရှိပါသည်။ ယင်းတို့၏ အဖျက်အမှောင့်လုပ်ရပ်များကြောင့် မွန်မြတ်သန့်စင်သည့် မြန်မာအလုပ်သမားကြီးများ၏ ဂုဏ်ဒြပ်ကို ညှိုးနွမ်းသေးသိမ်စေသည့်အပြင် အလုပ်သမားကြီးများ အလုပ်အကိုင်လက်လွတ်ဆုံးရှုံးရမှု၊ စီးပွားရေး၊ လူမှုရေး ထိခိုက်နစ်နာရမှုများ ဖြစ်ပေါ်စေလျက် ရှိပါသည်။

သို့ဖြစ်၍ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ အလုပ်သမားအကျိုး လိုလားဟန်ဖြင့် မြန်မာနိုင်ငံအပေါ် မမှန်မကန်စွပ်စွဲပြီး စည်းလုံးညီညွတ်မှု ပြိုကွဲအောင် တမင်ဖန်တီးနေမှုများကို လည်းကောင်း၊ အလုပ်သမားများ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးစေမှုများကိုလည်းကောင်း အလုပ်သမားထုကြီးတစ်ရပ်လုံးက ရှင်းလင်းစွာ သိမြင်ကြပြီး အမျိုးသားရေးအမြင်ဖြင့် သတိပြုကာကွယ်ကြရန် လိုအပ်ပါသည်။

ယနေ့အချိန်အခါကဲ့သို့ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်နေသောကာလတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်စေရေးအတွက် လည်းကောင်း၊ ခေတ်မီစက်မှုနိုင်ငံအဖြစ်သို့ အလျင်အမြန်ကူးပြောင်းနိုင်ရေးအတွက်လည်းကောင်း၊ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ယင်းတို့၏ လက်ကိုင်တုတ်များ၏ သွေးခွဲသပ်လျှိုနှောင့်ယှက်မှုများကို တွန်းလှန်ကာကွယ်ရေးအတွက် လည်းကောင်း နိုင်ငံတော်အစိုးရနှင့်အတူ အလုပ်သမားကြီးများနှင့် တောင်သူလယ်သမားကြီးများက စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

၂၀၁၁ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

(1-5)01.pmd 1 5/1/2011, 1:59 AM

ကြေးမုံ The Mirror
၁-၅-၂၀၁၁
(တနင်္ဂနွေနေ့)

ကာယ ဉာဏ ဝီရိယ စွမ်းအားကိုယ်စီ

၂၀၁၁ ခုနှစ် မေလ ၁ ရက်(ယနေ့)သည် အလုပ်သမားနေ့ဖြစ်သည်။

မြန်မာအလုပ်သမားထုကြီးသည် နယ်ချဲ့ဆန့်ကျင်ရေးနှင့် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုများတွင် တောင်သူလယ်သမားများ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲ၍ပါဝင်လှုပ်ရှားခဲ့ကြသည့် အစဉ်အလာကောင်းရှိသည်။ ယနေ့ကာလတွင်လည်း စည်းလုံးညီညွတ်သည့် အမျိုးသားရေး စွမ်းအားစုကြီးတစ်ရပ်အဖြစ် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်နေကြဆဲဖြစ်သည်။

မျက်မှောက်အချိန်အခါတွင် နိုင်ငံတော်သည် ခေတ်သစ်၊ စနစ်သစ်သို့ ကူးပြောင်းရောက်ရှိနေပြီ။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းစည်းလက်တွဲ၍ ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်တည်ဆောက်နေကြပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တည်ဆောက်နိုင်ရေးအတွက် ဖွံ့ဖြိုးမှုဆိုင်ရာအခြေခံကောင်းများ ရရှိဖြစ်ထွန်းနေပြီ။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်စေရေး ဖန်တီးဖော်ဆောင်ရာတွင် စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းကြရပေမည်။ ခေတ်မီစက်မှုနိုင်ငံထူထောင်ရာတွင် ကုန်ထုတ်လုပ်မှုကဏ္ဍအသီးသီးမှ အလုပ်သမားထုကြီး၏ အခန်းကဏ္ဍသည် အဓိက အရေးကြီးပေသည်။

ယခုအခါ နိုင်ငံတစ်ဝန်း၌ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်ထားရှိပြီ။ ခေတ်မီစက်နှင့် စက်ပစ္စည်း ထုတ်လုပ်သည့် စက်ရုံများ၊ သွင်းကုန်အစားထိုးစက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံသစ်များ တိုးချဲ့တည်ဆောက်နိုင်ပြီ။ နိုင်ငံတော်၏ပံ့ပိုးမှုဖြင့် ခေတ်မီသံရည်ကျို၊ ပုံလောင်း ပုံဖိ စက်ရုံသစ်များ ပေါ်ထွက်လာပြီ။ စက်မှုနယ်မြေများ၊ ပုဂ္ဂလိကစက်မှုဇုန်များ ဖွံ့ဖြိုးလာမှုနှင့်အတူ သွင်းကုန်အစားထိုး ထုတ်ကုန်ပစ္စည်းအများအပြားကို ထုတ်လုပ်လာနိုင်နေကြပြီ။

စက်မှုကဏ္ဍအနေဖြင့် ပို့ကုန်များ တိုးမြှင့်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်အစားထိုးလုပ်ငန်းများ တိုးပွားရေး ကြိုးပမ်းလျက်ရှိသည်။ စက်ရုံ အလုပ်ရုံအလိုက် ကုန်ထုတ်လုပ်မှုတိုးတက်စေရေး ဆောင်ရွက်ကြရပေမည်။ စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများထုတ်လုပ်ရာတွင် အရေအတွက်သာမက အရည်အသွေးကောင်းမွန်ရေးကို အလေးထားကြရပေမည်။ ကုန်ပစ္စည်းများ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေး၊ သုံးစွဲသူနှစ်ခြိုက်မှုရှိစေရေး၊ ဈေးကွက်ရှိ အခြားပစ္စည်းများနှင့် အရည်အသွေးမီ ယှဉ်ပြိုင်ထုတ်လုပ်နိုင်ရေးတို့သည်လည်း ဂရုပြုကြရမည့်အချက်များဖြစ်သည်။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်တစ်ရပ် တည်ဆောက်နေရာတွင် အလုပ်သမားကြီးများသည် စက်မှုလက်မှုကဏ္ဍမှ တက်ကြွစွာ ပါဝင်နေကြသည်။ သမိုင်းအစဉ်အဆက် အမျိုးသားရေးစိတ်ဓာတ် အစဉ်အလာရှိကြသည့် မြန်မာအလုပ်သမားထုကြီးတစ်ရပ်လုံးက ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် ကာယ၊ ဉာဏ၊ ဝီရိယ စွမ်းပကား အပြည့်အဝဖြင့် ကြိုးပမ်းစွမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား တရုတ်သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုတိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာသည် ဧပြီ ၂၈ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် မြိတ်မြို့ရှိ အဆောင်ကောင်းကုမ္ပဏီ အအေးခန်းစက်ရုံသို့ ရောက်ရှိရာ အထွေထွေမန်နေဂျာ ဦးသိန်းအောင်က ကုမ္ပဏီ၏ ရေထွက်ပစ္စည်း ထုတ်လုပ်မှုကိုလည်းကောင်း၊ VANTAGE ကုမ္ပဏီ မန်နေဂျာ ဦးသန်းဇော်ညွှန့်က ကုမ္ပဏီ၏ အအေးခန်းစက်ရုံ၊ ငါးမှုန့်ကြိတ်စက်ရုံ ဆောင်ရွက်မှု၊ ခဲတူးဖော်ဆောင်ရွက်မှုနှင့် ဆီအုန်း၊ ရော်ဘာပျိုးထောင်ထားရှိမှုတို့ကို လည်းကောင်း၊ ထူးထူးတိုးကုမ္ပဏီ မန်နေဂျာ ဦးနေမျိုးက ငါးမှုန့်ကြိတ်စက်ရုံ ဆောင်ရွက်မှုနှင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်သုံးစွဲနိုင်သည့် ဥစားကြက်မွေးမြူရေးခြံ တည်ဆောက်မှုတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကုမ္ပဏီများအနေဖြင့် စက်ရုံရှိ အလုပ်သမားများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးကြရန်၊ စက်ရုံအတွင်းအပြင် ပစ္စည်းသယ်လမ်းများ ကောင်းမွန်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် မှာကြားပြီး တန်(၄၀၀)အအေးခန်းစက်ရုံအတွင်း ငါး၊ ပုစွန်၊ ကဏန်း၊ ငါးမှုန့်ကုန်ချော ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ထူးထူးတိုးကုမ္ပဏီ ဇီဝဓာတ်ငွေ့ထုတ်လုပ်သုံးစွဲနိုင်သည့် ဥစားကြက်မွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိပြီး ကြက်မွေးမြူရေးခြံအတွင်း ဥစားကြက်မွေးမြူထားရှိမှုနှင့် ဇီဝဓာတ်ငွေ့ထုတ်လုပ်မှု စက်ရုံကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ မြိတ်အထပ်သား ကုမ္ပဏီသို့ ရောက်ရှိပြီး စက်ရုံအတွင်း သစ်အခြေခံလုပ်ငန်း သစ်ပါးလွှာ ထုတ်လုပ်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော် VANTAGE ကုမ္ပဏီ ငါးမှုန့်ကြိတ်စက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကမ္ဘာ့တီရစ္ဆာန်ဆေးကုနေ့အခမ်းအနား ဟားခါး၌ ကျင်းပ

နေပြည်တော် ဧပြီ ၃၀

၂၀၁၁ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အခမ်းအနားကို ဧပြီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ချင်းပြည်နယ် ဟားခါးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ် စိုက်ပျိုးရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဗန်ထောင်းက အမှာစကား ပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာခင်မောင်ဦးက ခွေးရူးရောဂါအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ထန်းပင်ကုန်း စပယ်လမ်းနေ ကွယ်လွန်သူ ဦးအောင်ညိမ်းအား ရည်စူး၍ ဇနီးဒေါ်ခင်သိန်းမိသားစုနှင့် ဦးမြင့်ဆွေ၊ ဒေါ်ခင်လေးကြွေ မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်၊ လေးထပ်ဘိုးဘွားဆောင်၊ အထွေထွေပဒေသာပင်တို့အတွက် ငွေကျပ်သုံးသိန်းငါးထောင်ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးညီညီလွင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)

[၁၃၇၃ ခုနှစ် တန်ခူးလပြည့်ကျော် ၁၃ ရက်(အဖိတ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	မြတ်ဂုဏ်တော်သခင်(သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၅	၇။	ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၁၅	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	"ကောင်းခြင်းဝေဖြာ"
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၀	၂။	တေးဂီတအစီအစဉ်
၁၁း၂၀	၃။	တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၀	၄။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၃၈)**
၁၂း၃၀	၅။	Golf Magazine (TV)
၁း၀၀	၆။	**မြန်မာဗီဒီယိုဇာတ်လမ်း "ပြင်းပြင်းရှရှရသ" (စိုင်းစိုင်းခမ်းလှိုင်၊ မိုးပြည့်ပြည့်မောင်၊ ပုလဲဝင်း) (ဒါရိုက်တာ-မီးပွား)**
၁း၂၅	၇။	မှုဟန်သွယ်သွယ်ဆိုကြမယ်
၂း၃၅	၈။	အကပြိုင်ပွဲ
၂း၅၀	၉။	International News
၃း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	တေးဂီတအစီအစဉ်
၄း၂၅	၃။	နားဝင်ပီယံသူ့လက်သံ
၄း၃၅	၄။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄း၄၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၄း၅၅	၆။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၀၅	၇။	"လယ်ယာသားငါး၊ ပြည့်စီးပွား တိုးပွားကုန်စည်တို့မြန်ပြည်"
၅း၂၀	၈။	ဆိုကြမယ်ပျော်ကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၁၅	၁၀။	မိုးလေဝသအခြေအနေ
၆း၂၀	၁၁။	**ကာတွန်းအစီအစဉ် "ကွမ်တမ်မင်း"(အပိုင်း-၁၇)**
၆း၄၀	၁၂။	**တစ်မျက်နှာ၊ တစ်ကွက်စာ "အပျိုလိုမနေမိလို့" (နေဆန်း၊ ပပဝင်းခင်) [ဒါရိုက်တာ-ဆဲဗင်း(IC)]**
၇း၀၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၇)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**ကာတွန်းအစီအစဉ် "တောကောင်ငယ်သိုင်းညီနောင်လေးများ"(ဒုတိယတွဲ) (အပိုင်း-၁၀)**
	၁၈။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၂)**
	၁၉။	အစီအစဉ်ပြီး၏။

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် စည်ပင်သာယာရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းရှိ ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြို့တော်စည်ပင်)

ရန်ကုန် ဧပြီ ၃၀

ရန်ကုန်မြို့ သန့်ရှင်းသာယာရေးနှင့် သွားလာမှုလွယ်ကူချောမွေ့ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)က ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ဗိုလ်မင်းရောင်လမ်းနှင့် သိမ်ဖြူလမ်းဆုံရှိ ဗိုလ်မင်းရောင်လမ်း ရေနုတ်မြောင်း ရေစီးရေလာကောင်းမွန်စေရန် အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုကို ရန်ကုန်မြို့တော်ဝန် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက် ၇ နာရီတွင် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြန်မာ့ဂုဏ်ရည်လမ်းနှင့် မန္တလေးလမ်းတို့ရှိ ရေနုတ်မြောင်းများ၊ အလုံမြို့နယ်နှင့် ကြည့်မြင်တိုင်မြို့နယ် အကြား ကမ်းနားလမ်းရှိ မြစ်ထွက်ပေါက်၌ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ရေစီးရေလာ အခြေအနေ၊ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း ပြုပြင်ထိန်းသိမ်းနေမှု၊ ကမာရွတ်မြို့နယ် ဘုရင့်နောင်လမ်းနှင့် လှည်းတန်းလမ်းဆုံအထိ ကွန်ကရစ်အခင်းသစ်များခင်းနေမှု၊ လှိုင်မြို့နယ် ပိတောက်ချောင်းမှ ကမာရွတ်ချောင်းအထိ ကတ္တရာကွန်ကရစ်ထပ်ပိုးခင်းနေမှု၊ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်း ဝဲယာ တစ်ဖက်တစ်ချက်စီ၌ လမ်းသားတိုးချဲ့နေမှုနှင့် ကွန်ကရစ်လမ်းချောခင်းနေမှု၊ လှိုင်မြို့နယ်ရှိ သမိုင်းချောင်းဖြတ်တံတားကြံ့ခိုင်မှုနှင့် သမိုင်းချောင်း ရေစီးရေလာအခြေအနေ၊ ဗဟိုလမ်းရှိ ပိတောက်ချောင်း၌ အမှိုက်သရိုက်နှင့် နုန်းများ ဆယ်ယူရှင်းလင်းနေမှု၊ မြောက်ဥက္ကလာပမြို့နယ် ဘုန်းကြီးလမ်းနှင့် တောင်ဥက္ကလာပမြို့နယ် သံသုမာလမ်း ပြုပြင်ထိန်းသိမ်းနေမှု၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ လူသွားစင်္ကြံကို ကွန်ကရစ်အခင်းသစ်များခင်းနေမှု၊ တောင်ဥက္ကလာပမြို့နယ် အင်းဝ(၃)လမ်းရှိ ကျိုက္ကဆံချောင်း၌ အမှိုက်သရိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် သူရ(၃)လမ်းရှိ ကျိုက္ကဆံချောင်းဖြတ်တံတား ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်သည် ညောင်ပင်လေးဈေး၌ စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှုရှိ/မရှိ စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ (၂)၊ အမှတ်(၂၄) ကို မေ ၁ ရက်(တနင်္ဂနွေနေ့)တွင် စတင်ဖြန့်ချိမည်ဖြစ်သည်။ ယင်း TV Guide စာစောင်တွင် Star Movies ရုပ်သံလိုင်း၌ ကြည့်ရမည့် Mother, VIP Access: Thor, Possession, Scream, Brother's War, My Family's Secret, Trade, Pulse 2, 500 Days of Summer, Remember Me, All About Steve, Christmas With The Kranks, The Code, Half Past Dead 2, Charlie's Angels စသည့် စိတ်ဝင်စားဖွယ် ရုပ်ရှင်ဇာတ်ကားကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် သရဲတစ္ဆေများအကြောင်းပြသမည့် The Haunted (Season 1)၊ ကနေဒါနိုင်ငံမြောက်ပိုင်းတွင် နေထိုင်သည့် ပိုလာဝက်ဝံများအကြောင်းပြသမည့် Growing Up၊ Discovery ရုပ်သံလိုင်းတွင် သမိုင်းတင်မီခေတ်မှ ကျောက်ဖြစ်ရုပ်ကြွင်းများအား ရှာဖွေဖော်ထုတ်သည့် Baby Mammoth၊ အမေရိကန်မှ ဥပဒေထိန်းသိမ်းရေးအေဂျင်စီတစ်ခုအကြောင်း အသေးစိတ်ကြည့်ရမည့် Secret of The Secret Service အစီအစဉ်၊ ESPN နှင့် Star Sports ရုပ်သံလိုင်းတွင် တိုက်ရိုက်ပြသမည့် Barclays Premier League ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ Mandalay FM တွင် နားဆင်ရမည့် ရင်သွေးငယ်တို့ကျန်းမာဖို့ အစီအစဉ်နှင့် စီးရီးသစ်အညွှန်း အစီအစဉ်တွင် နားဆင်ရမည့် တေးသံရှင်အယ်ဒီကျော်၏ 'သတ္တုခေတ် အလွန်' စီးရီးသစ်ကြည့်ရှုရမည့် စင်ကာပူနိုင်ငံတွင် မေလ ၁ ရက်၌ ကျင်းပပြုလုပ်မည့် Legendary Journey Live Show MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ Grid များနှင့် ပြသနေသည့် အစီအစဉ်များအပြင် ထပ်မံထုတ်လွှင့်မည့် For Tunes, For Ad, For Comedy စသည့် Digital ရုပ်သံလိုင်းသစ်များ အကြောင်း၊ ရုပ်သံလိုင်းအားလုံး၏ မေလ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express(Ph:09 5080850, 391186)သို့ မှာယူနိုင်သည်ဟု သိရသည်။

(သတင်းစဉ်)

ရာသီအလိုက် စီးပွားဖြစ်သီးနှံများ လျာထားချက်ပြည့် စိုက်ပျိုးပြီးစီး

ရေစကြို ဧပြီ ၃၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ၂၀၁၀-၂၀၁၁ ခုနှစ် ရာသီအလိုက်စိုက်ပျိုးနိုင်သော စီးပွားကိန်းသီးနှံများဖြစ်သည့် မိုးစပါး၊ ပြောင်း၊ မိုးမြေပဲ၊ မိုးနှမ်း၊ မိုးနေကြာ၊ မိုးကြိုပဲတီစိမ်း၊ ပဲစင်းငုံ၊ ဂရုတ်၊ ဟင်းသီးဟင်းရွက်၊ ဝါကြီး၊ ငွေချည်(၆)ဝါနှင့် စားဖိုဆောင်သီးနှံများကို လျာထားချက်ပြည့်မီအောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့သည်။

ထိုသို့စီးပွားကိန်းလျာထားချက် ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ခဲ့ခြင်းမှာ ရေစကြိုမြို့နယ်သည် ချင်းတွင်းမြစ်နှင့် ရေမိုင် ၁၉ မိုင်ခန့်ထိစပ်လျက် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြား ကျွန်းပိုင်းဒေသကျေးရွာအုပ်စု ၄၀ ခန့်သည် နုန်းတင်မြေနုကျွန်းများ ဖြစ်နေခြင်း၊ နိုင်ငံတော်မှ လျှပ်စစ်မြစ်ရေတင် ခုနစ်ခု၊ ဆည်တမံ ငါးခုကိုတည်ဆောက်ပေးထားသဖြင့် စိုက်ပျိုးရေပေးဝေနိုင်ခြင်း၊ မြေအောက်ရေ အလုံအလောက်ရရှိခြင်းတို့နှင့်အတူ မကွေးတိုင်းဒေသကြီးနှင့် ခရိုင်အဆင့်တို့၏ လမ်းညွှန်မှုနှင့်အညီ မြို့နယ်(စိုက်တိုးမြှင့်)အဖွဲ့၊ ဌာနဆိုင်ရာများတို့ ပေါင်းစပ်မှုဖြင့် အနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့မှု၊ တောင်သူများ၏ ဥစ္စာရင်လို ဥစ္စာရင်ခဲ အားထည့်ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်သည်။

ယခုအခါ အတွေ့အကြုံရှိပြီးဖြစ်သော မြို့နယ်၏ ကုန်းပိုင်းဒေသတောင်သူများသည် နွေထယ်ရေးကို ကြိုတင်ထွန်ထားသဖြင့် ဧပြီလအတွင်း ရွာသွန်းခဲ့သောမိုးဖြင့် တောင်ဦး၊ နီပဆေးတော၊ ငွေးဂုဏ်၊ ထန်းငယ်တော၊ ဘောင်ဘဲ့တန်း၊ မောက္ကလန်စသည့် ကျေးရွာအုပ်စုများတွင် နှမ်း၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ဝါကြီးများကို စိုက်ပျိုးရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

(၃၇၄)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၄-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၅၀၀	၀. ၀၃၃၅၀၀၈
တရုတ် (ယွမ်)	၆. ၄၉၁၀၀	၀. ၁၅၄၀၅၉
အိန္ဒိယ (ရူပီး)	၄၄. ၂၄၀၀	၀. ၀၂၂၆၀၄၀
မလေးရှား (ရင်းဂစ်)	၂. ၉၆၁၀၀	၀. ၃၃၇၇၂
စင်ကာပူ (ဒေါ်လာ)	၁. ၂၂၄၄၀	၀. ၈၁၆၇၂၇
ဂျပန် (ယန်း)	၈၁. ၁၇၀၀	၀. ၀၁၂၃၁၉၈
ယူရို	၀. ၆၇၅၃၁၁	၁. ၄၈၀၈၀
ဗြိတိသျှ (ပေါင်)	၀. ၅၉၈၇၆၇	၁. ၆၇၀၁၀

အင်တာနက်။

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

☆ **ကျော့ဖုံးမှ**

သောင်းကျန်းသူ တပ်မဟာ(၁)၊ ခွဲ(၁)မှ စောမျောက်လူးသည် အမ်-၁၆ တစ်လက်၊ ကျည် ၁၅ တောင့်၊ ကျည်အိမ် သုံးခုတို့ဖြင့်လည်းကောင်း၊ KNUသောင်းကျန်းသူ တပ်မဟာ(၅)၊ ရင်း (၁၀၂)မှ အောင်မျိုးနှင့် စောထွန်းကျော်သည် အမ်-၁၆ နှစ်လက်၊ ကျည် ၁၅၁ တောင့်၊ ကျည်အိမ်ငါးခု၊ မိုင်းတစ်လုံးတို့ဖြင့်လည်းကောင်း၊ KNU သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ ကျော်ဝါးဖိုးသည် လည်းကောင်း၊ KNU သောင်းကျန်းသူ ထိန်မောင်အဖွဲ့မှ စောဝင်းမြင့် ခေါင်းဆောင် အင်အား ၂၁ ဦးသည် လက်နက်ငယ်မျိုးစုံ ရှစ်လက်၊ ကျည်မျိုးစုံ ၉၁ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ငါးလုံး၊ လမ်းလျှောက်စကားပြောစက် သုံးလုံးတို့ဖြင့်လည်းကောင်း။

ကမ်းရိုးတန်းတိုင်း စစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် မွတ်စလင်သောင်းကျန်းသူ ဖာကလူဒင်(ခ) ခြေပြတ်အဖွဲ့မှ သိန်းထွန်း(ခ) ဂျဘားသည် လည်းကောင်း၊ ဖေဖော်ဝါရီလတွင် KNU သောင်းကျန်းသူ ရင်း(၁၁)၊ ခွဲ(၁)မှ မမိုးသူ(ခ) အဲကညွန့်သည်လည်းကောင်း၊ မတ်လတွင် KNU သောင်းကျန်းသူ တပ်မဟာ(၄)၊ ရင်း(၁၁)၊ ခွဲ(၂)မှ စောရန်ကုန်နှင့် သန်းထိုက်တို့သည် အမ်-၁၆ တစ်လက်၊ အေကေ-၄၇ တစ်လက်၊ ကျည်မျိုးစုံ ၉၀ တောင့်၊ ကျည်အိမ်နှစ်ခု၊ လက်ပစ်ဗုံးတစ်လုံးတို့ဖြင့် လည်းကောင်း။

အလင်းဝင်ရောက်

အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် ရခိုင်ဒီမိုကရက်တစ်ပါတီ (ဒီပီအေ) အကြွင်းဖက်သောင်းကျန်းသူအဖွဲ့မှ ရဲမောင်(ခ)ရွှေထွန်းသည် လည်းကောင်း အသီးသီး အလင်းဝင်ရောက်ခဲ့သည်။

အဆိုပါ အလင်းဝင်ရောက်သူ ၃၈ ဦးအား တာဝန်ရှိသူများက လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပြီး အလားတူ ဥပဒေဘောင်အတွင်း ဝင်ရောက်ရန် ကျန်ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူကြိုဆရာအတတ်ပညာသင်တန်း ဖွင့်လှစ်မည်

နေပြည်တော် ဧပြီ ၃၀

မူကြိုဆရာအတတ် ပညာသင်တန်း အမှတ်စဉ်(၂၁)ကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန၌ ဇွန် ၂ ရက်မှ ၂၉ ရက်အထိ ဖွင့်လှစ်မည် ဖြစ်ကြောင်း။

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန၊ မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ သင်ကြားပို့ချသွားမည်ဖြစ်ပြီး မူကြိုပညာရေးကို စိတ်ပါဝင်စားသူများ၊ ဆရာ၊ ဆရာမများနှင့် မိဘများ သင်တန်းတက်ရောက်နိုင်ကြောင်းနှင့် သင်တန်းပြီးဆုံးပါက သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်လိုသူများသည် ဖုန်း-၀၆၇-၄၃၀၁၆၄၊ ၀၆၇-၄၃၀၁၆၅၊ ၀၆၇-၄၃၀၁၈၀နှင့် ၀၉-၄၃၀၃၅၉၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ်နှင့် နာယက စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း နှစ်ပတ်လည်အထွေထွေအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၃၀

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၏ (၁၆)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

အစည်းအဝေးတွင် အသင်းတည်ထောင်သူ အကြံပေးပုဂ္ဂိုလ်နှင့် နာယကဖြစ်သူ စီးပွားရေးတက္ကသိုလ် အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်က အမှာစကား ပြောကြားပြီး အသင်းဥက္ကဋ္ဌ ဒေါ်ဝါဝါထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ တာဝန်ရှိသူများက အမှုဆောင်အဖွဲ့၏ အစီရင်ခံစာနှင့် ဘဏ္ဍာရေး ရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် အသင်းအလုပ်အမှုဆောင်အဖွဲ့ဝင်နှင့် အသင်းသူများက အသက် (၇၀)နှင့်အထက် အသင်းဝင်များအား ဂါရဝပြု ပစ္စည်းနှင့်ငွေများကို ပေးအပ်ကြပြီး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်လှဝတီက ကျေးဇူးတင်စကား ပြောကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီ (၄/၂၀၁၁) အစည်းအဝေးကို ဧပြီ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ စာပေဗိမာန် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က ယခင် (၃/၂၀၁၁)အစည်းအဝေးမှ ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို တင်ပြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီအသီးသီးမှ အဖွဲ့ခေါင်းဆောင်များက လုပ်ငန်းကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြကြပြီး မီဒီယာကော်နာဆိုင်ခန်းများ ဖွင့်ပွဲအခမ်းအနားကျင်းပရေး၊ စာရေးနည်းလမ်းညွှန်သင်တန်း ဖွင့်လှစ်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စည်းရုံးရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးဆုံးဖြတ်ကြကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် တရုတ် ကုန်သွယ်မှုတိုးမြှင့်မည်

ဂျကာတာ ဧပြီ ၃၀

တရုတ်နိုင်ငံ ဝန်ကြီးချုပ် ဝမ်ကြားပေါင်၏ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့ တရားဝင် အလည်အပတ်ခရီးစဉ်သည် စနေနေ့တွင် ပြီးဆုံးခဲ့သည်။

ယင်းခရီးစဉ်အတွင်း အရှေ့တောင်အာရှနှစ်နိုင်ငံနှင့် နှစ်နိုင်ငံကုန်သွယ်ရေးတိုးမြှင့်ရန် ကြိုးပမ်းခဲ့သကဲ့သို့ ဒေါ်လာ ဘီလီယံပေါင်းများစွာ ရင်းနှီးမြှုပ်နှံရန်လည်း လက်မှတ်ရေးထိုးခဲ့သည်။

ဝန်ကြီးချုပ်၏လေးရက်ကြာနှစ်နိုင်ငံခရီးစဉ်တွင် ဒေသဆိုင်ရာ ငွေကြေးများအသုံးပြုသော နယ်စပ်ကုန်သွယ်မှု ချောမွေ့စေရေးအတွက် နှစ်နိုင်ငံဘဏ္ဍာရေးအဖွဲ့အစည်းများ တိုးချဲ့ရေးကို အလေးထားဆောင်ရွက်ခဲ့သည့်အပြင် ဒေသတွင်း ကုန်သွယ်မှုရှင်းတမ်း၌ ယွမ်ငွေကို ပိုမိုအသုံးပြုရေးကိစ္စများလည်း ပါဝင်ခဲ့သည်။

မကြာသေးမီက ကမ္ဘာ့ဒုတိယစီးပွားရေးအင်အားကြီးနိုင်ငံအဖြစ်သို့ရောက်ရှိခဲ့သည့် နိုင်ငံအတွက် လိုအပ်သော သဘာဝအရင်းအမြစ်များကြွယ်ဝသည့် အရှေ့တောင်အာရှဒေသတွင် ၎င်း၏ဩဇာအရှိန်အဝါ သက်ရောက်စေရန် တရုတ်နိုင်ငံက ကြိုးစားလျက်ရှိသည်။ သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့နှင့် တောင်တရုတ်ပင်လယ်အတွင်း နယ်မြေပိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ အငြင်းပွားလျက်ရှိသောကြောင့် တင်းမာမှုနှင့် ရင်ဆိုင်နေရသည်။

အရှေ့တောင်အာရှနှင့် စွမ်းအင်၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်မြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း ဧပြီ ၂၉ ရက်က ဂျကာတာမြို့၌ ဝမ်ကြားပေါင်က ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ ဘိလပ်မြေနှင့် စိုက်ပျိုးရေးစီမံကိန်းများတွင် ဒေါ်လာ ၁၀ ဘီလီယံ ရင်းနှီးမြှုပ်နှံရန် တရုတ်ကုမ္ပဏီများက စနေနေ့တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

မလေးရှားနိုင်ငံ၌လည်း ဒေါ်လာ သုံးဘီလီယံတန်ဖိုးရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး သဘောတူညီချက်များကို တရုတ်ကုမ္ပဏီများက လက်မှတ်ရေးထိုးခဲ့သကဲ့သို့ နယ်စပ်ဖြတ်ကျော် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးမြှင့်တင်ရန် ဝမ်ကြားပေါင်က ပြောကြားခဲ့သည်။ **အင်တာနက်။**

ဂျကာတာမြို့ အယ်လ်အဇဟာ အင်ဒိုနီးရှားတက္ကသိုလ်၌ ကျောင်းသူများနှင့်အတူ ဝန်ကြီးချုပ် ဝမ်ကြားပေါင် အင်ဒိုရိုးရာတေးသီချင်း သီဆိုနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရှေးဟောင်း သင်္ဘောပျက်တစ်စင်း ရောမမြို့အနီး၌ရှာဖွေတွေ့ရှိ

ရောမ ဧပြီ ၃၀

အီတလီနိုင်ငံ ရောမမြို့အနီး၌ ရှေးဟောင်းသင်္ဘောပျက်တစ်စင်းကို ရှာဖွေတွေ့ရှိရကြောင်း အီတလီရှေးဟောင်းသုတေသနပညာရှင်များက ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

ရှာဖွေတွေ့ရှိရသော သင်္ဘောပျက်မှာ သစ်သားဖြင့် တည်ဆောက်ထားပြီး အရှည် ၁၁ မီတာ (၃၆ ပေ)ရှိသည်။ အော့ရှားအန်တီကာမြို့အနီး၌ ရှာဖွေတွေ့ရှိရသော သင်္ဘောပျက်များအနက် အကြီးဆုံးဖြစ်ကြောင်း၊ အဆိုပါမြို့ကို လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ခန့်က တည်ဆောက်ခဲ့ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားကြသည်။

သုတေသနပြုမည်

ယခုအချိန်အထိ ယင်းသင်္ဘောပျက်၏ ဘေးတစ်ဖက်တစ်ချက်ကိုသာ တွေ့မြင်ရပြီး ဦးပိုင်းနှင့် ပဲ့ပိုင်းတို့ ပျောက်ကွယ်နေကြောင်း၊ အဆင့်မြင့်နည်းပညာအသုံးပြု၍ ယင်းသင်္ဘောပျက်ကို ဖော်ထုတ်ကာ သုတေသနပြုသွားမည်ဖြစ်ကြောင်း သုတေသီ မိုရီထီက ပြောကြားသည်။

ရှေးဟောင်းရောမခေတ်က တည်ရှိခဲ့သော ပင်လယ်ကမ်းရိုးတန်းဒေသတည်နေရာကို ဆက်စပ်လေ့လာနိုင်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

တံတားတစ်စင်းကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းလုပ်ကိုင်နေချိန်အတွင်း မြေအောက်အနက် လေးမီတာတွင် ယင်းသင်္ဘောပျက်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

မြောက်ပင်လယ်၌ ကမ်းလွန်ရေနံနှင့် ဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးစင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရေနံစိမ်းဈေးနှုန်း ဆက်လက်မြင့်တက်နေ

လန်ဒန် ဧပြီ ၃၀

နယူးယောက် ရေနံစိမ်း(ရေနံအကျဲစား) ဈေးနှုန်းသည် ၃၁ လတာကာလအတွင်း တစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၁၄ ဒေါ်လာအထက်သို့ ပထမဆုံးအကြိမ်ရောက်ရှိသွားကြောင်း၊ ရေနံစိမ်းဈေးနှုန်းဆက်လက်မြင့်တက်နေကြောင်း ဧပြီ ၃၀ ရက်သတင်းတွင် ဖော်ပြသည်။

ဧပြီ ၂၉ ရက် ရေနံဈေးကွက်မပိတ်မီ မိနစ်ပိုင်းအလို၌ ရေနံစိမ်းတစ်စည် ၁၁၄ ဒသမ ၁၈ ဒေါ်လာဈေးပေါက်ခဲ့ပြီး ယင်းဈေးဖြင့် ဇွန်လတွင် တင်ပို့ရောင်းချရန် သဘောတူထားကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။

ရေနံဈေးတက်ခြင်းသည် နိုင်ငံတကာဈေးကွက်၌ ငွေကြေးဖလှယ်ရာတွင် ဒေါ်လာဈေးကျနေခြင်းကြောင့်ဖြစ်ကြောင်း ကျွမ်းကျင်သူပညာရှင်များကဆိုသည်။

ယခုရောက်ရှိနေသော ရေနံစိမ်းဈေးနှုန်းသည် ၂၀၀၈ ခုနှစ် စက်တင်ဘာ ၂၂ ရက် နောက်ပိုင်း အမြင့်ဆုံးဖြစ်ကြောင်း၊ နယူးယောက်ဈေးကွက်တွင်လည်း ရေနံစိမ်းဈေးနှုန်းမြင့်တက်နေရာ ဧပြီလတွင် ၆ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဖော်ပြထားသည်။

ယူရိုငွေကြေးဇုန်တွင်ပါဝင်သည့် နိုင်ငံများ၌ ငွေကြေးဖောင်းပွမှုနှုန်းမှာ ဥရောပဗဟိုဘဏ်၏ ခန့်မှန်းချက်ထက် ကျော်လွန်သွားကြောင်း၊ ငွေကြေးဖောင်းပွမှုကြောင့် အမေရိကန်နှင့် ဥရောပတွင် ရေနံစိမ်းဈေးနှုန်းပြန်လည်ဦးမော့လာခြင်းဖြစ်ကြောင်း၊ ယူရိုဇုန် ငွေကြေးဖောင်းပွမှုသည် မတ်လတွင် ၂ ဒသမ ၇ ရာခိုင်နှုန်းရှိရာမှ ဧပြီလတွင် ၂ ဒသမ ၈ ရာခိုင်နှုန်းသို့ မြင့်တက်ခဲ့ကြောင်း ဥရောပစာရင်းအင်းအေဂျင်စီ၏ အစီရင်ခံစာ၌ ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ပြန်ပေးဆွဲခံခဲ့ရသော ရွှေ့ပြောင်းနေထိုင်သူများကို မက္ကဆီကိုစစ်ဘက်က ကယ်တင်

မက္ကဆီကိုစီးတီး ဧပြီ ၃၀

အမေရိကတိုက်အလယ်ပိုင်းနိုင်ငံများမှ အမေရိကန်နိုင်ငံသို့ ပြောင်းရွှေ့အခြေစိုက်နေထိုင်မည့်သူ ၅၂ ဦးသည် မက္ကဆီကိုနိုင်ငံ နယ်စပ်မြို့ ရေနိုဆာတွင် ပြန်ပေးဆွဲခံခဲ့ရသည်။ ၎င်းတို့သည် ဧပြီ ၂၈ ရက်က ပုဂ္ဂလိကအိမ်တစ်လုံးအတွင်း ရှိနေစဉ် စစ်ဘက်က ဝင်ရောက်ကယ်တင်လိုက်ရကြောင်း ဧပြီ ၃၀ ရက်သတင်းတွင် ဖော်ပြသည်။

ယင်းနေအိမ်အနီးတွင် နေထိုင်သူက စစ်ဘက်အား သတင်းပေးသဖြင့် ဝင်ရောက်ကယ်တင်နိုင်ခြင်းဖြစ်ကြောင်း၊ တစ်လမပြည့်မီကာလအတွင်း သုံးကြိမ်မြောက် ပြန်ပေးဆွဲမှုဖြစ်ကြောင်း ဖော်ပြသည်။

ရေနိုဆာမြို့သည် အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်နှင့် နယ်စပ်ချင်းထိစပ်သောနေရာတွင်ရှိပြီး မက္ကဆီကိုမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။

ယင်းမြို့တွင် ပြန်ပေးဆွဲမှုများ ယခင်ကလည်းဖြစ်ပေါ်ခဲ့ပြီး ပြိုင်ဘက်မူးယစ်ဆေးဝါးဂိုဏ်း အချင်းချင်း နယ်မြေလုရာမှ မငြိမ်မသက်ဖြစ်နေသော မြို့ဖြစ်သည်။ မူးယစ်ဆေးဝါးနှင့် ဒုစရိုက်ဂိုဏ်းများခေါင်းထောင်နေသော မြို့လည်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ဂျာမနီနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်လျက်ရှိသော အယ်လ်ခိုင်ဒါအဖွဲ့ဝင်များအဖြစ် မသင်္ကာသူများကိုရဲတပ်ဖွဲ့ ဖမ်းဆီး

ဘာလင် ဧပြီ ၃၀

ဂျာမနီနိုင်ငံ၌ အယ်လ်ခိုင်ဒါအဖွဲ့ဝင်များအဖြစ် မသင်္ကာသူ လူသုံးဦးကို ရဲတပ်ဖွဲ့ကဖမ်းဆီးလိုက်ကြောင်း၊ ၎င်းတို့သည် ဂျာမနီနိုင်ငံအတွင်း အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်နေသည်ဟု ယူဆရကြောင်း အာဏာပိုင်များက ဧပြီ ၃၀ ရက်တွင် ပြောကြားကြသည်။

အဖမ်းခံရသူသုံးဦးမှာ မော်ရိုကိုလူမျိုးများဖြစ်ပြီး အားလုံးမှာ လူငယ်များဖြစ်ကြကြောင်း၊ ၎င်းတို့ကို ဒတ်ဆယ်ဒေါ့ဖ်မြို့နှင့် ဘိုချမ်မြို့တို့၌ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။ ရဲတပ်ဖွဲ့သည် ၎င်းတို့နှင့်အတူ ဖောက်ခွဲရေးပစ္စည်းအများအပြားကိုလည်း သိမ်းဆည်းရမိသည်။

ဂျာမနီနိုင်ငံသည် နိုင်ငံတကာအကြမ်းဖက်သမားများ ခြေကုပ်ပြုရာနိုင်ငံဖြစ်လာကြောင်း ပြည်ထဲရေးဝန်ကြီး ဟန်းစ်ပီတာက ပြောကြားသည်။

ဂျာမနီနိုင်ငံအပါအဝင် ဥရောပနိုင်ငံများ၌ စစ်သွေးကြွများ၏ ခြိမ်းခြောက်မှုများကို ပိုမိုတွေ့မြင်လာရကြောင်း ၎င်းက ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံရှိ နေတိုးတပ်ဖွဲ့၌ ဂျာမနီနိုင်ငံမှ တပ်ဖွဲ့ဝင် ၅၀၀၀ ခန့်ပါဝင်နေခြင်းကြောင့် စစ်သွေးကြွများက ဂျာမနီနိုင်ငံ ဘာလင်မြို့ကို အကြမ်းဖက်တိုက်ခိုက်ရန် ကြံစည်အားထုတ်လျက်ရှိကြောင်း ၎င်းကပြောကြားသည်။

အကြမ်းဖက်သမားများအဖြစ် သင်္ကာမကင်းခံရသူသုံးဦး၏ မိုဘိုင်းဖုန်းများနှင့် ကွန်ပျူတာများကို ရဲတပ်ဖွဲ့က လေ့လာစောင့်ကြည့်ခဲ့ပြီးနောက် ၎င်းတို့ကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ **အင်တာနက်။**

အကြမ်းဖက်သမားများအဖြစ် မသင်္ကာသူများကို ဂျာမန်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်လာစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နွေဦးရာသီထိုးစစ် တာလီဘန်များ စတင်မည်ဖြစ်ကြောင်း သတင်းထွက်ပေါ်

ကဘူး ဧပြီ ၃၀

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ နွေဦးရာသီထိုးစစ်ကို လာမည့် မေ ၁ ရက်တွင် စတင်တော့မည်ဖြစ်ကြောင်း အာဖဂန်တာလီဘန်အဖွဲ့က ယနေ့ကြေညာချက်ထုတ်ပြန်ခဲ့သည်။

ပြည်ပတပ်ဖွဲ့များ၊ အာဖဂန်လုံခြုံရေးတပ်ဖွဲ့များနှင့် အာဖဂန်အစိုးရထိပ်တန်းတာဝန်ရှိသူများကို အသေခံဗုံးခွဲမှုအပါအဝင် အခြားနည်းလမ်းမျိုးစုံဖြင့် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့၏ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

တာလီဘန်အဖွဲ့၏ သတင်းထုတ်ပြန်ချက်တွင် အာဖဂန်ပြည်သူများအနေဖြင့် အများပြည်သူနှင့်သက်ဆိုင်သောနေရာများ၊ စစ်ဘက်ဆိုင်ရာအခြေစိုက်စခန်းများ၊ အာဖဂန်အစိုးရရုံးဌာနအဆောက်အအုံများသို့ သွားလာခြင်းမပြုရန် သတိပေးထားသည်။

မကြာမီကာလအတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်းစစ်သွေးကြွများ၏ တိုက်ခိုက်မှုအရှိန်မြင့်တက်လာနိုင်ကြောင်း အမေရိကန်ထိပ်တန်းတာဝန်ရှိသူများက သတိပေးခဲ့ပြီးနောက် တာလီဘန်အဖွဲ့၏ ကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တာလီဘန်အဖွဲ့၏ စစ်ဆင်ရေးများသည် အာဖဂန်စစ်ဘက်ဆိုင်ရာနေရာများ၊ လေဆိပ်များနှင့် ပြည်ပကျူးကျော်တပ်ဖွဲ့များ၏ထောက်ပံ့ရေးယာဉ်တန်းများကို အဓိကထားမည်ဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နိုင်ငံအတွင်းရှိ ကုလသမဂ္ဂ၏လုပ်ငန်းစဉ်များကိုလည်း အကြမ်းဖက်တိုက်ခိုက်မှုများဆက်လက်ပြုလုပ်မည်ဖြစ်ကြောင်း ယုံကြည်ရလောက်သည့် သတင်းများပေါ်ထွက်လာမှုကြောင့် ကုလသမဂ္ဂသည် ၎င်း၏အာဖဂန်ရုံးခွဲများကို နေရာပြောင်းရွှေ့ခဲ့ရကြောင်းသိရသည်။ ***အင်တာနက်။***

ဗီယက်နမ်နိုင်ငံ ဒါကလက်ပြည်နယ်ရှိ သစ်တောဒေသတစ်နေရာကို တွေ့ရစဉ်။

ပြင်သစ်နိုင်ငံသား စွယ်စုံကျော်ထင်ပညာရှင် ဟင်နရီပွန်ကာရေး၏ ကမ္ဘာကျော်သင်္ချာယုံတမ်းကိုဖြေရှင်းခဲ့သော ရုရှားပညာရှင်ဆုကြေးငွေ လက်ခံခြင်းမရှိ

မော်စကို ဧပြီ ၃၀

စကြဝဠာကို မည်သို့ထိန်းချုပ်နိုင်မည်ဟူသော နှစ်ပေါင်း ၁၀၀ကျော်ကြာသင်္ချာယုံတမ်းကို ဖြေရှင်းနိုင်သော ရုရှားနိုင်ငံသား သင်္ချာပါရမီရှင်ဂရီဂိုရီပါရယ်လ်မင်းသည် အဆိုပါယုံတမ်းကို ဖြေရှင်းနိုင်ခဲ့သည့်အတွက် ရရှိမည့်ဆုကြေးငွေအမေရိကန်ဒေါ်လာတစ်သန်းကို လက်ခံရယူခြင်းမရှိခဲ့ကြောင်း ဧပြီ ၂၉ ရက်သတင်းများတွင်ဖော်ပြသည်။

အမေရိကန်ပြည်ထောင်စုမက်ဆာချူးဆက်ပြည်နယ်ကိန်းဘရစ်တက္ကသိုလ်သည် ၂၀၁၀ ခုနှစ်က ပြင်သစ်မဟာပညာကျော်ပွန်ကာရေး၏ စကြဝဠာဗေဒဆိုင်ရာယုံတမ်းတစ်ခုကိုဖြေရှင်းနိုင်ခဲ့သည့် ရုရှားနိုင်ငံသား ဂရီဂိုရီပါရယ်လ်မင်းကို ဆုကြေးငွေ ဒေါ်လာတစ်သန်းချီးမြှင့်ရန် ကမ်းလှမ်းခဲ့သည်။

ဂရီဂိုရီပါရယ်လ်မင်းသည် ပြင်သစ်နိုင်ငံသားသင်္ချာပညာရှင် ပွန်ကာရေး၏ သင်္ချာယုံတမ်းတစ်ခုကို အဖြေထုတ်နိုင်ခဲ့သော သင်္ချာပါရမီရှင်တစ်ဦးဖြစ်ကြောင်း ရုရှားသတင်းဌာန အာရ်အိုင်အေနိုဗိုစတီကဖော်ပြသည်။

ဟင်နရီပွန်ကာရေး(၁၈၅၄-၁၉၁၂)သည် ပြင်သစ်နိုင်ငံသား သင်္ချာပညာရှင်၊ သီအိုရီရူပဗေဒပညာရှင်နှင့် အင်ဂျင်နီယာတစ်ဦးဖြစ်ပြီး ကမ္ဘာ့နောက်ဆုံးစွယ်စုံကျော်ထင်ပညာရှင်တစ်ဦးအဖြစ်သတ်မှတ်ခံရသူဖြစ်သည်။

၎င်းသည် ခေတ်သစ်နှိုင်းရသီအိုရီကို ကမ္ဘာကျော်သိပ္ပံပညာရှင်အိုင်းစတိုင်းထက်အရင် ဖော်ထုတ်ခဲ့သူဖြစ်ဖွယ်ရှိကြောင်း အများကယူဆကြသည်။

ဂရီဂိုရီပါရယ်လ်မင်းသည် အသက်(၄၄)နှစ်အရွယ်ရှိပြီဖြစ်ပြီး ၎င်း၏မိခင်နှင့်အတူ ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နေထိုင်လျက်ရှိသည်။ ၎င်းသည် ပြင်သစ်ပညာရှင် ပွန်ကာရေး အဆိုပြုခဲ့သော စကြဝဠာဗေဒဆိုင်ရာသင်္ချာယုံတမ်းတစ်ရပ်ကို ၂၀၀၂ ခုနှစ်နှင့် ၂၀၀၃ ခုနှစ်များအတွင်း ဖြေရှင်းနိုင်ခဲ့သည်။



ယုံတမ်းသင်္ချာပုစ္ဆာရှင် ပြင်သစ်ပညာရှင်ကြီး ပွန်ကာရေး(ဝဲပုံ) **နှင့် ယင်းပုစ္ဆာကို ဖြေရှင်းနိုင်သူ ရုရှားသင်္ချာပညာရှင်ဂရီဂိုရီ ပါရယ်လ်မင်း** (အပေါ်ပုံ)။

ပွန်ကာရေး၏ အဆိုပြုချက်အရ အပေါက်ဗလာမရှိသော မည်သည့် ပုံသဏ္ဌာန်မျိုးမဆို စက်ဝန်းတစ်ခုအဖြစ် ပြောင်းလဲသွားနိုင်သည်ဟု ဆိုသည်။ ***အင်တာနက်။***

အာရှဒေသတစ်ဝန်းရှိ သစ်တောများပြုန်းတီးပျက်စီးမှုနှုန်း နှေးကွေးသွား

နယူးယောက် ဧပြီ ၃၀

အာရှဒေသတစ်ဝန်း၌ သစ်တောများ ပြုန်းတီးပျက်စီးမှုနှုန်း နှေးကွေးသွားပြီ ဖြစ်ကြောင်း၊ ယင်းမှာ သစ်ပင်များခုတ်လှဲထုတ်လုပ်မှုကိုလျှော့ချကာ သစ်တောစိုက်ခင်းများကိုပိုမိုထူထောင်လာနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(အက်ဖ်အေအို)၏ ကမ္ဘာ့သစ်တောများ အခြေအနေဟု အမည်ပေးထားသော အစီရင်ခံစာတွင် ဖော်ပြထားသည်။

တရုတ်၊ ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် အိန္ဒိယနိုင်ငံတို့၌ သစ်တောများ တည်ရှိရာ နယ်မြေဧရိယာများ တိုးတက်လာသည်ကို တွေ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပတိုက်နှင့် မြောက်အမေရိကတိုက်တို့ရှိ သစ်တောများ ပြုန်းတီးပျက်စီးမှုနှုန်းမှာလည်း နှေးကွေးသွားပြီဖြစ်ကြောင်း၊ သို့ရာတွင် အာဖရိကနှင့် လက်တင်အမေရိကဒေသတို့၌ သစ်တောပြုန်းတီးမှုများ ဆက်လက်ဖြစ်ပေါ်နေကြောင်း၊ ယင်းဒေသတို့၌ စားနပ်ရိက္ခာနှင့် လောင်စာထင်းလိုအပ်ချက်များပြားလျက်ရှိရာ သစ်တောပြုန်းတီးရန် အကြောင်းတရားများဖြစ်ကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြသည်။

ကုလသမဂ္ဂက ယခုနှစ်ကို နိုင်ငံတကာသစ်တောများနှစ်အဖြစ် သတ်မှတ်ထားချိန်တွင် အာရှနိုင်ငံများ၏ သစ်တောပြုန်းတီးမှုနှုန်း လျော့နည်းသွားခြင်း ဖြစ်သည်။

နိုင်ငံတကာသစ်တောများနှစ်၏ ရည်ရွယ်ချက်မှာ နိုင်ငံတကာ၌ သစ်တောသစ်ပင်ထိန်းသိမ်းရေးလုပ်ငန်း အရေးကြီးပုံကို ပြည်သူများ အလေးမူလာစေရန် ဖြစ်သည်။ ***အင်တာနက်။***

(၃၆)နှစ်မြောက် တောင်ဗီယက်နမ် လွတ်မြောက်ခြင်းနှင့် နှစ်နိုင်ငံပေါင်းစည်းခြင်း အခမ်းအနားကျင်းပ

ဟန္နိုင်း ဧပြီ ၃၀

(၃၆)နှစ်မြောက် တောင်ဗီယက်နမ်လွတ်မြောက်ခြင်းနှင့် နှစ်နိုင်ငံပြန်လည်ပေါင်းစည်းခြင်းအထိမ်းအမှတ်အခမ်းအနားကို ဧပြီ ၂၉ ရက်က ဗီယက်နမ်နိုင်ငံတောင်ပိုင်းရှိ ဟိုချီမင်းမြို့၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ ဗီယက်နမ်သမ္မတငုယင်မင်ကျစ်နှင့် အဆင့်မြင့်အရာရှိကြီးများတက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဟိုချီမင်းမြို့ ပြည်သူ့ကော်မတီဥက္ကဋ္ဌ ယီဟောင်ကွမ်းက အမှာစကားပြောကြားရာ၌ ဗီယက်နမ်ကွန်မြူနစ်ပါတီနှင့် ကွယ်လွန်သူသမ္မတကြီးဟိုချီမင်းတို့၏ဦးဆောင်မှုဖြင့် ၁၉၇၅ ခုနှစ် ဧပြီ ၃၀ ရက်တွင် တောင်ဗီယက်နမ်ကိုလုံးဝလွတ်မြောက်စေခဲ့ပြီး မိမိတို့နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းနိုင်ခဲ့ကြောင်း၊ ယင်းမှာ ဗီယက်နမ်တစ်မျိုးသားလုံး၏အောင်ပွဲလည်းဖြစ်ကာ သမိုင်းစာမျက်နှာသစ်တစ်ရပ် ဖွင့်လှစ်နိုင်ခဲ့ခြင်းလည်းဖြစ်ကြောင်း၊ ဗီယက်နမ်ပြည်သူတို့၏ နယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲကို ၁၉၇၅ ခုနှစ် အမျိုးသားအောင်ပွဲနှင့်အတူ ယှဉ်တွဲအမှတ်ရနေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

ယင်းအပြင် မစ္စတာကွမ်က ဟိုချီမင်းမြို့တော်၏ လက်ဝယ်ရရှိထားသော ခေတ်မီဖွံ့ဖြိုးမှုများနှင့် ချမ်းသာကြွယ်ဝမှုများကို အတိတ်ကာလများနှင့် ယှဉ်၍အထူးပြုပြောကြားခဲ့သည်။

ဗီယက်နမ်သမ္မတငုယင်မင်ကျစ်နှင့် ဝန်ကြီးချုပ်ဟောင်းဖန်ဘန်ခိုင်တို့သည် ဟိုချီမင်းမြို့ မြို့စောင့်တပ်ဖွဲ့ကို ဒုတိယမြောက်သူရဲကောင်းဘွဲ့တံဆိပ်နှင့် ဒေသခံအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်းတို့အား ထိုက်တန်ရာ ဂုဏ်ပြုဘွဲ့တံဆိပ်များ ပေးအပ်ခဲ့သည်။ ***အင်တာနက်။***

မော်ရိုကိုနိုင်ငံ မာရာကက်ရှ်မြို့၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသော ကော်ဖီဆိုင်ကို တွေ့ရစဉ်။

မော်ရိုကိုနိုင်ငံ၌ ဗုံးပေါက်ကွဲမှုဖြစ်ပွား၊ နိုင်ငံခြားသား ၁၀ ဦးအပါအဝင် ၁၄ ဦးသေဆုံး

မာရာကက်ရှ် ဧပြီ ၃၀

မော်ရိုကိုနိုင်ငံ၌ ကမ္ဘာလှည့်ခရီးသွားများ အလည်အပတ်သွားရောက်လေ့ရှိသော မာရာကက်ရှ်မြို့တွင် ဧပြီ ၂၉ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၄ ဦးထက်မနည်း သေဆုံးကြောင်း၊ သေဆုံးသူများတွင် နိုင်ငံခြားသား ၁၀ဦး ပါဝင်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ပြောကြားသည်။

မာရာကက်ရှ်မြို့ရှိ ဂျာမားအယ်လ်-ဖာနာရင်ပြင်ကို စီးမိုးတွေ့မြင်နိုင်သော ကော်ဖီဆိုင်တစ်ဆိုင်တွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခြင်းဖြစ်သည်။ အဆိုပါရင်ပြင်မှာ ကမ္ဘာလှည့်ခရီးသွားများ အလည်အပတ်လာရောက်လေ့ရှိသော နေရာ တစ်နေရာဖြစ်သည်။

ဗုံးပေါက်ကွဲမှုကြောင့် ၂၃ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး တီယက်ချာကိုရီက ပြောကြားသည်။ မော်ရိုကိုနိုင်ငံ ကာဆာဘလန်ကာမြို့၌ လွန်ခဲ့သည့်ရှစ်နှစ်က အသေခံဗုံးခွဲမှုများ ဖြစ်ပွားခဲ့ပြီးချိန်နောက်ပိုင်း ယခုဗုံးပေါက်ကွဲမှုသည် လူအသေအပျောက် အများဆုံးဖြစ်ရပ်ဖြစ်သည်။

ပဏာမစုံစမ်းစစ်ဆေးချက်အရ ယင်းဗုံးခွဲတိုက်ခိုက်မှုသည် အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။

အသေခံဗုံးဖောက်ခွဲသူတစ်ဦးက ဗုံးဖောက်ခွဲခဲ့သည်ဟု ရင်ပြင်အနီးအပါး၌နေထိုင်သော ဒေသခံနှစ်ဦးမှ ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။ သို့ရာတွင် ယခုအချိန်အထိ မည်သည့်အုပ်စုကမျှ ၎င်း၏လက်ချက်အဖြစ် ထုတ်ပြန်ကြေညာခြင်းမရှိပေ။

ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ကော်ဖီဆိုင်သို့ မော်ရိုကိုဘုရင်မိုဟာမက်-၆ လာရောက်ကြည့်ရှုခဲ့ပြီး ယင်းဗုံးပေါက်ကွဲမှုကြောင့် နိုင်ငံ၏ဒီမိုကရေစီအသွင်ကူးပြောင်းရေးလမ်းစဉ် သွေဖည်မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

အင်တာနက်။

ဝက်နားရွက်ပြာရောဂါ သတိပြုစရာ

မောင်အောင်(မွေး/ကု)

ဝက်နားရွက်ပြာရောဂါသည် ဖြစ်ပွားပါက ကူးစက်မြန်သည်။ ပြင်းထန်သည်။ အသက်ရှူလမ်းကြောင်းနှင့် မျိုးပွားလမ်းကြောင်းများ၌ ဖြစ်ပွားတတ်ပြီး နှာရည်၊ တံတွေး၊ ဆီး၊ ကျင်ကြီးနှင့် သုက်ပိုးတို့မှတစ်ဆင့် ကူးစက်ပျံ့နှံ့စေနိုင်သည်။ ဝက်အသက်အရွယ်မရွေးဖြစ်ပွားနိုင်ပြီး ရောဂါကူးစက်မှုနှုန်း ၅၀ ရာခိုင်နှုန်းမှ ၁၀၀ ရာခိုင်နှုန်းအထိရှိသည်။ နို့စို့ဝက်ငယ်နှင့် ဝက်ငယ်ကလေးများတွင် သေပျောက်နှုန်း ပိုမိုများပြားသည်။ မျိုးဝက်မကြီးများတွင် ကူးစက်ဖြစ်ပွားပါက သားလျှောခြင်း၊ အသေမွေးခြင်းများ ဖြစ်ပွားစေသဖြင့် ဆုံးရှုံးမှု များပြားစေပြီး ဂရုစိုက်သင့်သော ရောဂါတစ်ခု ဖြစ်သည်။

ဝက်နားရွက်ပြာ ရောဂါကို PRRS (Porcine Reproductive and Respiratory Symdrome) ဟုခေါ်သည်။ ရောဂါဖြစ်စေသော ဗိုင်းရပ်စ်မှာ RNA ဗိုင်းရပ်စ်အမျိုးအစားဖြစ်ပြီး ဥရောပမျိုးကွဲနှင့် မြောက်အမေရိကမျိုးကွဲဟူ၍ နှစ်မျိုးရှိသည်။ အာရှနိုင်ငံအများစုတွင် မြောက်အမေရိကမျိုးကွဲ၌ ပါဝင်သည့် တရုတ်မျိုးစိတ်ကြောင့် ဖြစ်ပွားကြောင်း တွေ့ရှိရသည်။

ဝက်နားရွက်ပြာ ရောဂါကို ၁၉၈၇ ခုနှစ်တွင် အမေရိကန်နိုင်ငံ၌ စတင်ဖြစ်ပွားခဲ့ပြီး ဂျာမနီ၊ နယ်သာလန်၊ စပိန်၊ ပြင်သစ်၊ အင်္ဂလန်နှင့် ကနေဒါနိုင်ငံများတွင် ၁၉၉၀နှင့် ၁၉၉၅ ခုနှစ်များအတွင်း ဖြစ်ပွားခဲ့သည်။ ရောဂါဖြစ်သည့် ဝက်အချို့၏ နားရွက်မှာ အပြာရောင် ဖြစ်လာသဖြင့် ဝက်နားရွက်ပြာရောဂါဟု ခေါ်ခြင်းဖြစ်သည်။ အာရှနိုင်ငံများဖြစ်သည့် တရုတ်နိုင်ငံတွင် ၂၀၀၆ ခုနှစ်၊ ဗီယက်နမ်နိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတွင် ၂၀၀၇ ခုနှစ်၊ထိုင်းနိုင်ငံတွင် ၂၀၀၈ ခုနှစ်၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံတွင်၂၀၁၀ ခုနှစ်နှင့် မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလဆန်းပိုင်းတွင် မန္တလေးမြို့၌ စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ရောဂါဖြစ်ပွားသော ဝက်သည် အစာစားပျက်သည်၊ ဖျားနာသည်၊ ကိုယ်အပူချိန် ၄၀ မှ ၄၂ ဒီဂရီစင်တီဂရိတ်အထိရှိလာမည်။ နှာရည်ယိုသည်၊ နှာချေသည်၊ အသက်ရှူကျပ်ပြီး မျက်မြေးရောင်ခြင်း၊ မျက်စိနာခြင်းဖြစ်သည်။ အရေပြားများ နီလာသည်။ နားရွက်၊ ဝမ်းဗိုက်နှင့် အမတန်ဆာများအနီရင့်ရောင်၊ အပြာရောင်အကွက်များ ဖြစ်လာသည်။ ဝမ်းလျှောတတ်သည်၊ ခန္ဓာကိုယ် ဒယိမ်းဒယိုင်ဖြစ်၍ နောက်ပိုင်း မသန်ချည့်နဲ့လာသည်။ ဝက်မကြီးများတွင်သားလျှောခြင်း၊ သားပျက်ခြင်း၊ အသေမွေးခြင်း၊ အားအင်ချည့်နဲ့သော ဝက်ကလေးများမွေးခြင်း၊ အသေခြောက်ကလေးများမွေးတတ်သည်။

ဝက်နားရွက်ပြာရောဂါသည် ဗိုင်းရပ်စ်ရောဂါပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်၍ ကုသရန်ဆေးမရှိပါ။ ဆေးကုသ၍မရပါ။ အခြားနောက်ဆက်တွဲရောဂါများ မဖြစ်ပွားအောင်သာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ အာဟာရပြည့်ဝသည့် အစာ၊ ရေကျွေးမွေးခြင်းဖြင့် ဆုံးရှုံးမှု လျော့ပါးစေနိုင်သည်။ ရောဂါဖြစ်ပွားသည့် ဝက်နှင့် ၎င်းဝက်၏ အညစ်အကြေးများ၊ အစားကြွင်း အစာကျန်များတွင် ရောဂါပိုးပါရှိနေနိုင်သဖြင့် ၎င်းပစ္စည်းများ အညစ်အကြေးများကို စနစ်တကျ သုတ်သင်ရှင်းလင်းရန် လိုအပ်သည်။

ရောဂါဖြစ်ပွားသော ဝက်ကို နေရာရွှေ့ပြောင်းခြင်း မပြုဘဲ အတူနေ ကျန်းမာသည့် ဝက်များသာ ရွှေ့ပြောင်းမွေးမြူရမည်။ ရောဂါဖြစ်ပွားသော ခြံနေရာနှင့် ပတ်လည်တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပြုလုပ်ရမည်။ ရောဂါဖြစ်၍ သေဆုံးသောဝက်ကို ပိုးသတ်ဆေးဖျန်း၍ ခြောက်ပေအနက် ကျင်းတူး၍ မြှုပ်ရမည်။ ဖြစ်နိုင်ပါက မီးရှို့၍ ဖျက်ဆီးခြင်းသည် အကောင်းဆုံး ဖြစ်သည်။

တစ်ပိုင်တစ်နိုင် ဝက်မွေးမြူသူများသည် ခြံလှောင်မွေးမြူခြင်းထက် လွှတ်ကျောင်း၍ မွေးတတ်သည်။ မန္တလေး၊ ပြင်ဦးလွင်၊ မကွေးမြို့များ၌ ဝက်နားရွက်ပြာရောဂါ ဖြစ်ပွားမှုများတွင် ခြံလှောင်၍ စနစ်တကျ မွေးမြူသော ခြံများတွင် ဖြစ်ပွားမှုနည်းသည်။ လွှတ်ကျောင်းမွေးသူများတွင် အများဆုံး ဖြစ်ပွားကြောင်း တွေ့ရသည်။ ဝက်စာကို စနစ်တကျစပ်၍ ကျွေးသူများတွင် ဖြစ်ပွားမှုနည်းသည်။ စားသောက်ဆိုင်များမှ အစာကျန်များစု၍ ကျွေးသူများတွင် ဖြစ်ပွားမှု ပိုမိုများပြားသည်။ ဖြစ်နိုင်က အစာကျန်များကို ပွက်ပွက်ဆူအောင် ပြုတ်၍ အအေးခံပြီးမှ ကျွေးလျှင် ရောဂါဖြစ်ပွားမှု လျော့ကျစေနိုင်မည်ဖြစ်သည်။

ဝက်နားရွက်ပြာ ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ကာကွယ်ဆေးထိုး၍ရသည်။ သို့သော် ကာကွယ်ဆေးသည် ဖော်စပ်ထားသည့် ဗိုင်းရပ်စ်မျိုးကွဲ တစ်ခုတည်းကိုသာ ကာကွယ်ပေးနိုင်ပြီး ပိုးမျိုးကွဲဝင်ရောက်လာပါက ကာကွယ်မှုမပေးနိုင်ပါ။ ၎င်းပြင် ကာကွယ်ဆေးထိုးပြီး ရရှိသည့် ရောဂါတုံ့ပြန်မှုသည် (နှစ်-သုံး) လသာ ရောဂါကာကွယ်ပေးနိုင်သည်။ ပိုးအရှင်သုံး ကာကွယ်ဆေးထိုးထားသည့် ဝက်များသည် ဗိုင်းရပ်စ်ပိုးအရှင်များ ပြန်လည်စွန့်ထုတ်တတ်သည်။ ကာကွယ်ဆေးထိုးခြင်းဖြင့် မျိုးဝက်များတွင် သားလျှောတတ်သည်။ သို့ဖြစ်၍ ကာကွယ်ဆေးအသုံးပြုမှုကို အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် ညှိနှိုင်းဆောင်ရွက်ဆဲဖြစ်ပါသည်။

ဝက်မွေးမြူရေးလုပ်ငန်း အပါအဝင် မည်သည့် မွေးမြူရေးလုပ်ငန်းတွင်မဆို စနစ်တကျ သင့်လျော်သည့် ခြံဆောက်၍ မွေးမြူရန် လိုအပ်သည်။ ပြည်သူလူထု၏ ကျန်းမာရေးသည် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် ကူးစက်ရောဂါ ကင်းရှင်းရေးအပေါ်တွင် များစွာ မူတည်နေသည်။ လူတွင်ဖြစ်ပွားသောရောဂါများ၏ ၆၀ ရာခိုင်နှုန်းသည် တိရစ္ဆာန်ရောဂါများမှ တစ်ဆင့် ကူးစက်သည်ဟု ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) က တင်ပြထားသည်။ သို့ဖြစ်၍ စနစ်တကျ ခြံဆောက်၍ မွေးရန်လိုသည်။ ခြံများကို သန့်ရှင်းရေး စနစ်တကျ လုပ်၍ ခြံဖျန်းပိုးသတ်ဆေး ဖျန်းသင့်သည်။ အာဟာရပြည့်ဝသည့် အစာ၊ သန့်ရှင်းသည့် သောက်ရေ တိုက်ကျွေးရန် လိုအပ်သည်။ သို့မှသာ မွေးမြူရေး ဖြစ်ထွန်းအောင်မြင်မည် ဖြစ်သကဲ့သို့ လူသားများအတွက် ဘေးအန္တရာယ်ကင်းရှင်းသည့် အစာ (Safety Food) ထုတ်လုပ်သော မွန်မြတ်သည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဝက်နားရွက်ပြာရောဂါနှင့် ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ဧပြီ ၁၉ ရက်က နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ကျင်းပစဉ်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဧပြီ ၂၃ ရက်က မန္တလေးမြို့ မြောက်ပြင်ဓာတ်အားခွဲရုံ၌တပ်ဆင်ရန် ရန်ကုန်မြို့မှ ရေယာဉ်ဖြင့်သယ်ဆောင်လာသော (၂၃၀/၃၃/၁၁) ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ထရန်စဖော်မာနှစ်လုံးအား ဂေါဝိန်(ချော်ဆိပ်) ဆိပ်ကမ်းမှ မြောက်ပြင်ပင်မဓာတ်အားခွဲရုံသို့ သယ်ယူရန် ရေယာဉ်ပေါ်မှ မော်တော်ယာဉ်ပေါ်သို့ ပြောင်းရွှေ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းဖော်ပြပြီး) (သတင်းစဉ်)

ပဉ္စမကာလတို ငါးနှစ်စီမံကိန်း ရည်မှန်းချက်များအပေါ် တိုးမြှင့်အကောင်အထည်ဖော်ရေးလုပ်ငန်း ညှိနှိုင်းစည်းဝေး

နေပြည်တော် ဧပြီ ၃၀

၂၀၁၁-၂၀၁၂ ခုနှစ်တွင် အမျိုးသားစီမံကိန်းအရ စီးပွားရေးတိုးတက်မှုနှုန်းကို ၅ ဒသမ ၄ ရာခိုင်နှုန်းထားပြီး ဒေသတွင်း အကောင်အထည်ဖော်မည့် ရည်မှန်းချက်များကို မြှင့်တင်ရေးဆွဲရန်၊ ယင်းသို့ရေးဆွဲရာတွင် ဂျီဒီပီတန်ဖိုး တိုးတက်လာသည်နှင့်အမျှ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍ၏ ပါဝင်မှုအချိုးအစား ပိုမိုတိုးတက်လာအောင် ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပဉ္စမကာလတို ငါးနှစ်စီမံကိန်း၏ နောက်ဆုံးနှစ်ဖြစ်သည့် ၂၀၁၄-၂၀၁၅ခုနှစ်၊ ၂၀၁၅-၂၀၁၆ ခုနှစ် တို့တွင် စီးပွားရေး တိုးတက်မှုနှုန်းသည် ၁၅ ရာခိုင်နှုန်းဖြစ်ရန် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ဧပြီ ၂၇ ရက် နံနက် ၈ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး လွှတ်တော်ခန်းမ၌ ကျင်းပသည့် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း (၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ) ရည်မှန်းချက်များအပေါ် တိုးမြှင့်အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။ (သတင်းစဉ်)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အင်္ဂလိပ်ဘာသာ စကားပြောသင်တန်း ဖွင့်လှစ်

နေပြည်တော် ဧပြီ ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန အင်္ဂလိပ်ဘာသာ စကားပြောကျွမ်းကျင်မှုသင်တန်း (အရာထမ်းအဆင့်) အမှတ်စဉ်(၁/၂၀၁၁)ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံး စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးလှမွေး တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

အဆိုပါ သင်တန်းတွင် လက်ထောက်မန်နေဂျာ/မန်နေဂျာအဆင့် သင်တန်းသား ၁၅ ဦးနှင့် သင်တန်းသူငါးဦး စုစုပေါင်း ၂၀ တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ကျောင်းသင်ခန်းစာ အထောက်အကူပြု ဘာသာရပ်များ သင်ကြားမှု ရက်တိုသင်တန်း ဖွင့်လှစ်ဆောင်ရွက်ပေး

နေပြည်တော် ဧပြီ ၃၀

စာသင်ကျောင်းများတွင် ကလေးငယ်များ၏ ဉာဏ်ရည် ဉာဏ်သွေး၊ တွေးခေါ်ဆင်ခြင်မှု၊ အနုပညာကို မြတ်နိုးစိတ်၊ ယဉ်ကျေးမှုကို ထိန်းသိမ်းလိုစိတ်များ တိုးတက်ပွားများလာပြီး ကလေးငယ်များ စာသင်ကျောင်းတွင် ပျော်ရွှင်စွာ စာသင်ကြားနိုင်စေရန်အတွက် ဂီတမိတ်လူမှုရေး အသင်းအဖွဲ့က ကြီးမှူး၍ နေပြည်တော်ခရိုင် ဇေယျာသီရိမြို့နယ်နှင့် ပျဉ်းမနားမြို့နယ်များအတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအား ကျောင်းသင်ခန်းစာ အထောက်အကူပြု ဘာသာရပ်များ သင်ကြားမှုရက်တိုသင်တန်းကို ဧပြီ ၂၂ ရက်မှ စတင်၍ ဇေယျာသီရိမြို့နယ် ကျည်ထောင်ကျေးရွာ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ ဖွင့်လှစ်ကာ သင်တန်းပို့ချခဲ့သည်။ **(အပေါ်ပုံ)**

သင်တန်းတွင် ဂီတမိတ်လူမှုရေး အသင်းအဖွဲ့မှ ဆရာ၊ ဆရာမများက ပန်းချီ၊ ဂီတ၊ ပြဇာတ်နှင့်စာသင်ခန်း စီမံ ဘာသာရပ်များဖြင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမများအား သင်ကြားပို့ချကြသည်။

ဂီတမိတ် လူမှုရေးအသင်းအဖွဲ့သည် ဂီတမိတ်ဂီတသင်တန်းကျောင်းဖြစ်ပြီး လှိုင်သာယာ၊ ကျိုက်ထို၊ လပွတ္တာမြို့နယ် အစရှိသည့် မြို့နယ်များတွင် ကလေးငယ်များနှင့် စပ်လျဉ်းသည့် သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

ရန်ကုန် ဧပြီ ၃၀

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၉ ခုနှစ် ပခုက္ကူ ဦးအုံးဖေ စာပေဆုဝတ္ထုရှည်(ပထမဆုရ) ကို(တက္ကသိုလ်) ရေးထားသည့် "တာရာသိင်္ဂီ" စာအုပ်ကို စာအုပ်အသင်း၏ (၇၁)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ လာရောက်ထုတ်ယူပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန်စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇီဝိတဒါန ခုတင်(၁၀၀၀)ဆေးရုံကြီး မကြာမီဖွင့်လှစ်တော့မည်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၏ ဇီဝိတဒါန ခုတင် (၁၀၀၀) ဆေးရုံကြီးကို နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ပျံကပြေးရွာ ပျဉ်းမနား-တောင်ညိုလမ်းမကြီးဘေး ဇီဇဝါပန်းအပိုင်းအနီးတွင် တည်ဆောက်လျက်ရှိသည်။ မြေနေရာအကျယ်အဝန်းမှာ ဧက ၁၀၀၀ ဖြစ်သည်။ ယင်းဇီဝိတဒါန ခုတင်(၁၀၀၀)ဆေးရုံ တည်ဆောက်ရေးစီမံကိန်းကို ACE ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်သည်။

ဇီဝိတဒါန ခုတင်(၁၀၀၀)ဆေးရုံကြီးကို ပထမပိုင်းအဖြစ် အဆောက်အအုံ ကိုးလုံး ဆောက်လုပ်လျက်ရှိရာ ၉၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၎င်းအဆောက်အအုံကိုးလုံးမှာ ခုတင်(၃၀၀) ဆံ့မည်ဖြစ်သည်။ နောက်ထပ်တိုးဆောက်လုပ်ဆဲ အဆောက်အအုံ ခုနစ်လုံးမှာ ခုတင်(၂၀၀)စာအတွက်ဖြစ်ပြီး ၄၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ၎င်းပြင် ပင်မဆောင်၊ ဝန်ထမ်းအိမ်ရာ၊ Guest-house များ ပါဝင်ပြီး ဆောက်လုပ်ပြီးစီးမှုမှာ ၄၅ ရာခိုင်နှုန်း ဖြစ်သည်။ အဆောက်အအုံများကို လူအင်အား ၃၀၀၀ ခန့်ဖြင့် နေ့ရောညပါ ဆောက်လုပ်လျက်ရှိသည်။ နောက်ထပ် ခုတင်(၅၀၀) လျာထားလျက်ရှိပြီး နိုင်ငံတကာအဆင့်မီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ACE ဆောက်လုပ်ရေးကုမ္ပဏီ ဆိုက်မန်နေဂျာ ဦးမြင့်လွင်က ပြောပြသည်။ ယခုနှစ် မေလပိုင်းတွင် ဇီဝိတဒါန ခုတင် (၃၀၀) ကို စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

ဇီဝိတဒါန ခုတင်(၁၀၀၀) ဆေးရုံကြီးသည် ဆင်းရဲချို့တဲ့နွမ်းပါးသော ပြည်သူများကို ဇီဝိတဒါနအဖြစ် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရည်ရွယ်ပြီး ဆောက်လုပ်ခြင်းဖြစ်ရာ ဆေးရုံတည်ဆောက်မှုလုပ်ငန်းများ ပြီးမြောက် ပြည့်စုံလာသည်နှင့်အမျှ နေပြည်တော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း အဆင့်အတန်းသည်လည်း မူလအခြေအနေထက် ပိုမိုသာလွန်ကောင်းမွန်ပြီး တိုးတက်မြင့်မားလာတော့မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။ ။

မကြာမီ ဖွင့်လှစ်တော့မည့် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ ဇီဝိတဒါန ခုတင်(၁၀၀၀) ဆေးရုံကြီး လုပ်ငန်းခွင်အား တွေ့ရစဉ်။

သတင်းမှတ်တမ်းနှင့် ဓာတ်ပုံ - တင်မောင်ခင်

မကြာမီ ဖွင့်လှစ်တော့မည့် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီပိုင် ဇီဝိတဒါန ခုတင်(၁၀၀၀) ဆေးရုံကြီးအား တွေ့ရစဉ်။

ဂန့်ဂေါခရိုင်နှင့် ပခုက္ကူခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ တိုင်းဒေသကြီး ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၃၀

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် ဂန့်ဂေါမြို့နယ် သာလင်းရွာနှင့် မြင်သာရွာကို ဆက်သွယ်ထားသည့် အရှည် ၇၀၇ ပေ၊ အကျယ် ခြောက်ပေရှိ သာလင်း-မြင်သာ မြစ်သာမြစ်ကူးကြိုးတံတား ရေရှည်ကြံ့ခိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သာလင်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများ ပြည့်စုံမှုအခြေအနေ၊ တောင်ခင်ရန်းကျေးရွာအနီး တောင်ခင်ရန်းရေလှောင်တမံမှရေဖြင့် စိုက်ပျိုးထားသော ရတနာတိုးမျိုးစပါး ၁၅ဧက စိုက်ပျိုးထားရှိမှုအခြေအနေ၊ မြောက်ခင်ရန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများ ပြည့်စုံမှုအခြေအနေ၊ ဟံသာဝတီကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်း၌ တစ်ထပ်စာသင်ဆောင်အသစ် ဆောက်လုပ်နေမှုအခြေအနေ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆေးပေးခန်း၊ သားဖွားခန်းနှင့် ဆေးဝါးကိရိယာများ ပြည့်စုံမှုအခြေအနေနှင့် တောင်ခင်ရန်း ရေလှောင်တမံ၌ တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် တမံကြံ့ခိုင်မှုအခြေအနေများကို လိုက်လံ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဂန့်ဂေါ-ကလေးလမ်း မိုင်တိုင်အမှတ်(၃/၅)နှင့် (၃/၆)ကြားရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ဆောင်ရွက်နေသည့် အရှည်ပေ ၁၂၀၊ အကျယ် ၂၄ ပေရှိ သံကူကွန်ကရစ်အမျိုးအစား စပါးအိုးချောင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားတည်ဆောက်နေမှု အခြေအနေနှင့် မင်းရွာကျေးရွာရှိ တိုက်နယ်ဆေးရုံ တိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် ကျောက်ထုမြို့နယ် ကံကြီးကျေးရွာအနီး အရှည်ပေ ၄၉၀၊ အကျယ် ၁၂ ပေရှိ ချီချောင်းတံတား(ကံကြီး) ရေရှည်ကြံ့ခိုင်ရေးအတွက် ပြန်လည်ပြုပြင်နေမှု၊ ပေါက်မြို့နယ် အုန်းတောကျေးရွာအနီး အရှည်ပေ ၁၃၀၀၊ အကျယ် ၁၂ ပေရှိ အုန်းတောတံတား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှု၊ ဆိပ်ဖြူမြို့နယ် ကံတွင်းကျေးရွာအနီး မြန်မာ့မီးရထားလုပ်ငန်းက ဆောင်ရွက်နေသည့် ပခုက္ကူ-ဆိပ်ဖြူ ရထားလမ်းပိုင်းမှ ရထားနှင့်ကားများ သွားလာနိုင်သော ယောချောင်းတံတား ကတ္တရာခင်းရန်အတွက် ကျောက်စီနေမှုနှင့် မြို့နယ်ပြည်သူ့ဆေးရုံ၌ ခွဲစိတ်ခန်းအသစ် တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ ပခုက္ကူ-ဆိပ်ဖြူ ရထားလမ်းပိုင်းမှ ရထားနှင့် ကားများ သွားလာနိုင်သော ယောချောင်းတံတား ကတ္တရာခင်းရန်အတွက် ကျောက်စီနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

KNU အကြမ်းဖက်သောင်းကျန်းသူများ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူနှစ်ဦး ဒဏ်ရာရရှိ၊ တစ်ဦးသေဆုံး

နေပြည်တော် မေ ၃၀

အကြမ်းဖက်သောင်းကျန်းသူများသည် အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရစေရန် ရည်ရွယ်ချက်ဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် လုပ်ကိုင်လျက်ရှိရာ ကရင်ပြည်နယ် ကျိုက်ဒုံမြို့နယ်ခွဲ ပင်လုံကျေးရွာနေ ဦးကောလိပ် အသက်(၃၀)၊ မောင်ချစ်ညို အသက်(၂၀)နှင့် ဒေသခံပြည်သူတစ်ဦး အသက်(၄၀)တို့သည် ကျိုက်ဒုံမှ အဇင်းသို့ သွားရောက်စဉ် မေ ၂၄ ရက် ညနေ ၃ နာရီခန့်တွင် ကျိုက်ဒုံမြို့၏ အရှေ့တောင်ဘက် နှစ်မိုင်ခန့်အကွာ၌ KNU အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ဦးကောလိပ်၏ ဘယ်မျက်ခုံး၊ မောင်ချစ်ညို၏ ဘယ်နောက်ပခုံး၊ ဒေသခံပြည်သူတစ်ဦး၏ ဘယ်နံရိုးကြားတို့တွင် ဒဏ်ရာအသီးသီးရရှိခဲ့သည်။

ဒဏ်ရာရလူနာများအား တာဝန်ရှိသူများက ကျိုက်ဒုံမြို့နယ်ခွဲဆေးရုံသို့ ပို့ဆောင်စဉ် ဒေသခံပြည်သူတစ်ဦးမှာ သေဆုံးသွားခဲ့သဖြင့် လိုအပ်သည်များ စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး ကျန်နှစ်ဦးအား ဆေးရုံသို့ ဆက်လက်ပို့ဆောင်ကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးထားကြောင်းနှင့် အဆိုပါ KNU အကြမ်းဖက် သောင်းကျန်းသူများအား မိမိတပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် စိန်တလုံးသရက်ဇုန် ရာသီအချိန်မီစိုက်ပျိုးရန် နှိုးဆော်ခြင်း

နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး လမ်းဘေးဝဲ/ယာ တစ်လျှောက်၌ စိန်တလုံးသရက်စိုက်ပျိုးရေး သီးသန့်ဇုန်ခြံများ ဖော်ထုတ်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုအဖွဲ့၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက်ရှိရာ ချထားပေးသောမြေကို လေးနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်၍ ပထမနှစ်တွင် ၃၀ ရာခိုင်နှုန်း၊ ဒုတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း၊ တတိယနှစ်တွင် ၃၅ ရာခိုင်နှုန်း စိုက်ပျိုးသွားရန်နှင့် နောက်ဆုံးနှစ်တွင် စိုက်ပျိုးမြေများအားလုံး ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

ပထမနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်သော ၃၀ ရာခိုင်နှုန်းကို ယနေ့အထိ လုပ်ငန်းများ စတင်ဆောင်ရွက်သူများရှိသကဲ့သို့ လုံးဝလုပ်ကိုင်ဆောင်ရွက်ခြင်း မရှိသေးသူများလည်းရှိကြောင်း စိစစ်တွေ့ရှိရသဖြင့် စိန်တလုံးသရက်စိုက်ပျိုးရန်အတွက် ယခုအချိန်တွင် မြေဖော်တောရှင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့် ပျိုးပင်များကို အချိန်မီစုဆောင်းပြီး ရာသီအမီ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အကယ်၍ ရာသီအချိန်မီ စိုက်ပျိုးခြင်းမပြုသော သရက်ဇုန် ခြံမြေကွက်များကို နေပြည်တော် စိန်တလုံးသရက်စိုက်ပျိုးရေးဇုန် ကြီးကြပ်မှုကော်မတီက ကွင်းဆင်းစစ်ဆေးပြီး စိန်တလုံးသရက်စိုက်ပျိုးရန်ချထားပေးသော အမည်စာရင်းမှ ပယ်ဖျက်၍ အခြားအမှန်တကယ် စိုက်ပျိုးလုပ်ကိုင်လိုသူများကို မြေနေရာ ပြန်လည်ချထားသွားမည်ဖြစ်ကြောင်း ထပ်လောင်းအသိပေးအပ်ပါသည်။

နေပြည်တော်စိန်တလုံးသရက်စိုက်ပျိုးရေးဇုန်
ကြီးကြပ်မှုကော်မတီ

ဥတုရာသီ တောကိုမှီ၏

(1-5)07.pmd 1 5/1/2011, 1:59 AM

ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား အမေရိကန်သံရုံးယာယီတာဝန်ခံ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီအား မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံး သံရုံးယာယီတာဝန်ခံ Mr. Larry M. Dinger နှင့်အဖွဲ့သည် ဧပြီ ၂၉ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

နိုင်ငံတကာရုပ်ရှင်အနုပညာရပ်ဝန်း

လှ၍နာမည်ကြီးသလား . . . အန်ဂျလီနာဂျိုလီ

ဆွဲဆောင်မှုအရှိဆုံး ညို့မင်းသမီး ဂျိုလီ။

အချောအလှပါရမီရှင်များ ကျင်လည်ကျက်စားရာ ဟောလိဝုဒ် ရုပ်ရှင်လောကတွင် နေရာတစ်ခုရှိရန်မှာ ခက်ခဲသောအလုပ်တစ်ခုဖြစ်ပြီး ကမ္ဘာကျော်မင်းသမီးတစ်ဦးဖြစ်ဖို့ဆိုသည်မှာ မဟာစိန်ခေါ်မှုတစ်ရပ်ပင်။ ယင်းသို့ ရုန်းကန်လှုပ်ရှားရသည့် အနုပညာနယ်ပယ်တွင် အလှဘုရင်မတစ်ပါးအဖြစ် တင်စားခံထားရပြီး အောင်မြင်မှုကို သရဖူဆောင်းထားနိုင်သူမှာ ကမ္ဘာကျော် မင်းသမီး အန်ဂျလီနာဂျိုလီပင်ဖြစ်သည်။

ဂျိုလီကို ၁၉၇၅ ခုနှစ် ဇွန်လ ၄ ရက်တွင် ကာလီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ မွေးဖွားခဲ့သည်။ဖခင် ချက်ကိုစလိုဗက်ကီးယားနှင့် ဂျာမန်ကပြား၊ မိခင် ပြင်သစ်နှင့်ကနေဒီယံကပြားနှစ်ဦးက ပေါင်းဖက်မွေးဖွားခဲ့သောကြောင့် လေးမျိုးစပ်ကပြားဖြစ်နေ၍ ဂျိုလီတစ်ယောက် ယခုလို ချောနေရသလားဟု မေးခွန်းထုတ်စရာပါ။

သံတမန်တစ်ဦးဖြစ်

ဂျိုလီသည် ခုနစ်နှစ်သမီးအရွယ် ၁၉၈၂ ခုနှစ်ကတည်းက ဖခင် မင်းသားကြီးဂျွန်ဗွိုက်နှင့်အတူ Looking to Get Out ဇာတ်ကားဖြင့် ငွေရောင်ပိတ်ကားပေါ် ရောက်ရှိလာသူဖြစ်ပြီး အနုပညာခရီးတစ်လျှောက်မှာ နာမည်ကျော်ဇာတ်ကားပေါင်း ၄၀ နီးပါးရိုက်ကူးခဲ့ပြီး အကယ်ဒမီတစ်ခု၊ Screen Actors Guild Award နှစ်ခုနှင့် ရွှေကမ္ဘာလုံးဆု သုံးဆုရရှိခဲ့သည်အထိ အောင်မြင်ခဲ့သည်။ ထို့ပြင် ဂျိုလီ၏ လူသားချင်းစာနာမှုအကူအညီနှင့် လှုပ်ရှားဆောင်ရွက်မှုများကြောင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ သံတမန်တစ်ဦးအဖြစ် ခန့်အပ်ထားခြင်းခံရသူတစ်ဦးဖြစ်သည်။

ပုရိသယောကျ်ားများကို ဆွဲဆောင်မှုအရှိဆုံး ညို့မင်းသမီးအဖြစ် နာမည်ကျော်ခဲ့သည့် ဂျိုလီသည် ၁၉၉၅ ခုနှစ်က Hackers ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သည့် မင်းသားဂျွန်နီလီမိုင်လာနှင့် ၁၉၉၆ ခုနှစ် မတ်လ ၂၈ ရက်တွင် လက်ထပ်ခဲ့ပြီး လက်ထပ်ပွဲတွင် သတို့သား၏ အမည်ကို သွေးနှင့်ရေးပြီး ချစ်သက်သေထူခဲ့သော်လည်း ၁၉၉၉ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်မှာတော့ သူတို့၏ဇာတ်လမ်းက အဆုံးသတ်သွားခဲ့သည်။

ဂျိုလီသည် ၁၉၉၉ ခုနှစ် Pushing Tin ဇာတ်ကားရိုက်ကူးရင်း ငြိခဲ့ကြသည့် အမေရိကန်မင်းသား ဘီလီဘော့သွန်တန်နှင့် ၂၀၀၀ ပြည့်နှစ် မေလ ၅ ရက်တွင် ထပ်မံလက်ထပ်ခဲ့ပြီး ၂၀၀၇ ခုနှစ် မေလ ၂၇ ရက်မှာပင် ဘီလီနှင့် ကွာရှင်းခဲ့ပြန်သည်။ ဂျိုလီသည် ၂၀၀၅ ခုနှစ်က ရိုက်ကူးခဲ့ပြီး နာမည်ကျော်လူကြိုက်များခဲ့သည့် Mr & Mrs Smith ဇာတ်ကားရိုက်ကူးရင်း ချစ်ကျွမ်းဝင်ခဲ့သည့် ဂျနီဖာအန်နစ်စတန်၏ ယောကျ်ား ဘရက်ပစ်ကို ဂျနီဖာ၏ ရင်ခွင်မှ အပြီးအပိုင်ဆွဲထုတ်သွားကာ ၂၀၀၈ ခုနှစ်တွင် ဘရက်ပစ်နှင့်ရခဲ့သည့် အမြွှာရင်သွေးနှစ်ဦးကို မွေးဖွားခဲ့သည်။

မိခင်စိတ်ကြီးမားသည့် ဂျိုလီသည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ သံတမန်တစ်ဦးအဖြစ်လှည့်လည်သွားလာစဉ် ကမ္ဘောဒီးယားနိုင်ငံမှ မက်ဒေါက်စ်၊ အီသီယိုးပီးယားနိုင်ငံမှ ဇဟာရာနှင့် ဗီယက်နမ်နိုင်ငံမှ ပက်ဇ်တို့ကို မွေးစားကာ ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။

အင်တာနက်။

ဝီကီလိခ်စ်ဝက်ဘ်ဆိုက် တည်ထောင်သူ ဂျူလီယန်အက်ဆန်အကြောင်း ရုပ်ရှင်ရိုက်ကူးမည်

ဘဏ္ဍာရေးဆိုင်ရာ စီးပွားရေးကျဆင်းမှု မှတ်တမ်းရုပ်ရှင် Inside Job ရုပ်ရှင်ကားဖြင့် ယခုနှစ်တွင် အော်စကာဆုရရှိသူ ဒါရိုက်တာ ချာလီ ဖာဂူဆန်က ဝီကီလိခ်စ်ဝက်ဘ်ဆိုက် တည်ထောင်သူ ဂျူလီယန်အက်ဆန် အကြောင်းကို ရုပ်ရှင်ရိုက်ကူးမည်ဟု ဆိုသည်။၎င်းဇာတ်ကားသည် ဖာဂူဆန်အတွက် ပထမဆုံး မှတ်တမ်းရုပ်ရှင် မဟုတ်သည့် ဇာတ်ကားဖြစ်ဖွယ်ရှိသည်။ ဖာဂူဆန်သည် အမေရိကန်တို့၏ အီရတ်နိုင်ငံအပေါ် ဝင်ရောက်ကျူးကျော်မှု အကြောင်း ရိုက်ကူးခဲ့သည့် No End in Sight ဇာတ်ကားဖြင့်လည်း အော်စကာဆုအတွက် အမည်စာရင်း တင်သွင်းခံခဲ့ရသည်။

အက်ဆန်သည် ယမန်နှစ် နိုဝင်ဘာလက အမေရိကန်၏လျှို့ဝှက် သံတမန် မှတ်တမ်းများကို ဖော်ထုတ်ခဲ့ပြီး ကမ္ဘာ့သံတမန်အသိုင်းအဝိုင်းတွင် ပြဿနာပေါင်းများစွာ ဖြစ်စေခဲ့သူဖြစ်သည်။ ယင်းနောက် မကြာမီ လိင်ပိုင်းဆိုင်ရာနှင့် စွပ်စွဲခံရပြီး တရားရင်ဆိုင်နေရသူဖြစ်သည်။

Dream Works နှင့် Universal ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီများကလည်း အက်ဆန်အကြောင်းရုပ်ရှင် ရိုက်ရန် စိတ်ဝင်စားလျက်ရှိသည်။

အင်တာနက်။

အေဝမ်းစိုး

နေပြည်တော် - ရန်ကုန် သွားလိုသလား . . .

နေပြည်တော် မေ ၁၀

စုစည်းဖော်ပြသူ
ထွန်းဦးထွန်း

နေပြည်တော်နှင့် ရန်ကုန်မြို့မှ ခရီးသွားများ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် ခရီးသည်တင် မှန်လုံယာဉ်များ နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ နေပြည်တော်-ရန်ကုန်-နေပြည်တော်ပြေးဆွဲနေသော ယာဉ်လိုင်း ၂၁ လိုင်းတို့၏ ထွက်ခွာချိန်နှင့် ဈေးနှုန်းတို့ကို စုစည်းဖော်ပြလိုက်ပါသည်-

စဉ်	ယာဉ်လိုင်းအမည်	နေပြည်တော်မှ ရန်ကုန်သို့ထွက်ချိန်	ရန်ကုန်မှ နေပြည်တော်သို့ ထွက်ချိန်	ဈေးနှုန်း		ဆက်သွယ်ရန် ဖုန်းနံပါတ်
				အထူး	ရိုးရိုး	
၁	မန္တလာထွန်း	၁၇း၀၀၊ ၂၁း၀၀	၁၈း၀၀၊၂၂း၀၀	၅၈၀၀	-	၀၆၇-၂၆၂၈၆
၂	မန္တလာမင်း	၀၆း၀၀ ၊ ၁၇း၀၀ ၂၁း၀၀	၀၇း၃၀၊ ၁၈း၀၀ ၂၂း၀၀	၅၈၀၀	-	၀၆၇-၂၆၀၂၀
၃	J.J Express	၀၈း၀၀၊ ၁၇း၀၀ ၁၉း၀၀	၀၈း၀၀၊ ၁၄း၀၀ ၁၉း၀၀၊ ၂၂း၀၀	၅၈၀၀	-	၀၆၇-၂၆၁၃၉
၄	နေကြယ်မင်း	၀၉း၀၀၊ ၁၃း၀၀ ၁၈း၀၀၊ ၂၁း၀၀	၁၀း၀၀၊ ၁၄း၀၀ ၁၉း၃၀၊ ၂၁း၃၀	၅၈၀၀	-	၀၉-၇၃၁၃၁၁၁၂
၅	ရွှေမန်းသူ	၀၆း၃၀၊ ၁၇း၀၀ ၂၁း၀၀	၀၆း၃၀၊ ၁၈း၀၀ ၂၂း၀၀၊ ၂၃း၀၀	၅၈၀၀	-	၀၆၇-၂၆၁၀၆
၆	က. ပ. ရ	၁၇း၀၀	၁၈း၀၀	၃၀၀၀	-	၀၆၇-၂၆၁၈၉
၇	တော်ဝင်	၁၇း၀၀	၂၂း၃၀	၅၈၀၀	-	၀၆၇-၂၆၂၃၂
၈	ရာဇာမင်း	၀၆း၀၀၊ ၁၇း၀၀ ၂၁း၀၀	၀၆း၀၀၊ ၀၇း၀၀ ၁၈း၀၀၊ ၂၂း၀၀	၅၈၀၀	-	၀၆၇-၂၆၃၄၆ ၂၆၃၀၂
၉	ရိုးမ	၀၅း၃၀၊ ၁၇း၃၀ ၁၉း၃၀၊ ၂၀း၄၅ ၂၁း၀၀	၀၆း၃၀၊ ၁၇း၀၀ ၁၉း၃၀၊ ၂၀း၃၀	-	၄၈၀၀	၀၆၇-၂၆၂၇၃
၁၀	ဝင်းရတနာ	၂၀း၃၀	၂၀း၀၀	၅၈၀၀	-	၀၆၇-၂၆၁၂၈
၁၁	ဇာနည်ဘွား	၀၅း၀၀၊ ၁၇း၀၀ ၁၇း၃၀၊ ၂၀း၃၀	၀၅း၁၅၊ ၁၈း၀၀ ၂၀း၀၀၊ ၂၂း၀၀	၅၈၀၀	၄၈၀၀	၀၆၇-၂၆၁၂၅
၁၂	အောင်စိုးမိုး	၂၀း၀၀	၁၉း၀၀	-	၄၈၀၀	၀၆၇-၂၆၁၈၃
၁၃	နန်းထိုက်စံ	၁၈း၀၀၊ ၂၀း၀၀ ၂၁း၀၀	၁၉း၃၀၊ ၂၁း၃၀	၅၈၀၀	၄၈၀၀	၀၆၇-၄၂၀၂၀၉
၁၄	သူရိန်ထွန်း	၁၇း၃၀	၁၉း၃၀	၅၈၀၀	၄၈၀၀	၀၆၇-၂၆၃၄၃
၁၅	ကြယ်စင်ဟိန်းမြတ်မိုး	၀၇း၃၀၊ ၂၁း၃၀	၂၀း၀၀၊ ၂၁း၀၀	၅၈၀၀	၄၈၀၀	၀၆၇-၂၆၁၂၃ ၂၆၁၄၈
၁၆	ရောင်နီထွန်း	၁၂း၀၀၊ ၁၇း၃၀	၁၇း၃၀၊ ၂၂း၀၀	၅၈၀၀	-	၀၉-၄၉၂၉၇၅၈၈
၁၇	မူဝံ	၀၄း၃၀	၀၄း၃၀	-	၄၈၀၀	၀၆၇-၂၆၃၅၀
၁၈	ထက်ဦး	၀၇း၃၀၊ ၁၇း၀၀ ၂၁း၀၀	၀၈း၀၀၊ ၁၂း၀၀ ၁၇း၀၀	၅၈၀၀	-	၀၆၇-၂၆၂၁၅
၁၉	ဂန္တဝင်	၀၆း၃၀	၁၇း၃၀	၅၈၀၀	-	၀၆၇-၂၆၁၃၁
၂၀	ရွှေစင်/ရွှေစင်စကြာ	၀၆း၀၀၊ ၀၇း၀၀ ၀၈း၀၀၊ ၀၉း၀၀ ၁၂း၀၀၊ ၁၃း၀၀ ၁၄း၀၀၊ ၁၆း၀၀ ၁၇း၀၀၊ ၁၈း၀၀ ၂၀း၀၀၊ ၂၁း၀၀ ၂၂း၀၀၊ ၂၃း၀၀	၀၆း၀၀၊ ၀၇း၀၀ ၀၈း၀၀၊ ၁၂း၀၀ ၁၃း၀၀၊ ၁၄း၀၀ ၁၅း၀၀၊ ၁၆း၀၀ ၁၇း၀၀၊ ၁၈း၀၀ ၂၀း၀၀၊ ၂၂း၃၀	၅၈၀၀	-	၀၆၇-၂၆၃၅၇ ၂၆၂၆၉ ၂၆၁၈၃ ၀၁-၆၃၇၂၁၂
၂၁	Elite	၀၆း၃၀၊ ၁၄း၀၀ ၁၇း၀၀၊ ၂၁း၃၀	၀၆း၃၀၊ ၀၇း၃၀ ၁၄း၀၀၊ ၁၈း၃၀ ၂၁း၃၀	၅၈၀၀	-	၀၆၇-၂၆၂၈၁

မော်တော်ဆိုင်ကယ်စီးနင်းသူများသို့ သတိပေးကြေညာချက်

၁။ နေပြည်တော်နယ်မြေအတွင်း ယာဉ်မတော်တဆမှုများတွင် မော်တော်ဆိုင်ကယ်အသုံးပြုသူများသည် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှု အများအဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

၂။ ထိုသို့ဖြစ်ပွားရခြင်းမှာ မော်တော်ဆိုင်ကယ်စီးရေ တိုးတက်များပြားလာသည့်အပြင် စီးနင်းမောင်းနှင်သူတချို့သည် ဆိုင်ကယ်စီးသင်တန်း တက်ရောက်ထားခြင်းမရှိသည့်အတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံ မသိရှိခြင်း၊ ဆိုင်ကယ်စီးမကျွမ်းကျင်ခြင်း၊ ဆိုင်ကယ်စီးဦးထုပ်ကို စနစ်တကျမဆောင်းခြင်း၊ နှစ်ဦးထက်ပိုမိုစီးနင်းခြင်း၊ အရှိန်ပြင်းမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရှိရပါသည်။

၃။ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်သူများအား နေပြည်တော် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ဆိုင်ကယ်စီးသင်တန်းများပေးပြီး ဆိုင်ကယ်မောင်းနှင်ခွင့်လိုင်စင်များ ထုတ်ပေးလျက်ရှိပါသည်။

၄။ ယခုအခါ မော်တော်ဆိုင်ကယ်စီးသင်တန်းအား ပိတ်ရက်မရှိ ဖွင့်လှစ်ပေးလျက်ရှိရာ မော်တော်ဆိုင်ကယ်စီးနင်းမောင်းနှင်လိုသူများသည် သင်တန်းတက်ရောက်ပြီး ဆိုင်ကယ်စီးနင်း မောင်းနှင်ခွင့်လိုင်စင်များ ပြုလုပ်ကိုင်ဆောင်ထားကြရမည်ဖြစ်ပါသည်။

၅။ မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သူများအား ၁၀-၆-၂၀၁၁ ရက်နေ့ နောက်ပိုင်းတွင် ယာဉ်မောင်းလိုင်စင်မရှိဘဲ စီးနင်းမောင်းနှင်ခြင်းကို စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❍ ကမ္ဘာ့အရှည်လျားဆုံးမှ

ကမ္ဘာ့အရှည်လျားဆုံး ဘတ်စ်ကား၌ ခရီးသည် ၂၅၀ အထိ လိုက်ပါစီးနင်းနိုင်သည်။ ထိုင်ခုံနေရာ ၆၀ ပါရှိပြီး ခရီးသည် ၁၉၀ မတ်တတ်ရပ်စီးနင်းနိုင်မည့်နေရာပါရှိသည်။

ဇီဝလောင်စာတစ်မျိုးတည်းကိုသာ သီးသန့်သုံးစွဲသော အဆိုပါ ဘတ်စ်ကားသည် မှတ်တိုင်နေရာလေးနေရာတွင် သာရပ်တန့်ပေးပြီး ပျမ်းမျှအမြန်နှုန်းဖြစ်သည့် တစ်နာရီလျှင် ၂၈ ကီလိုမီတာနှုန်းဖြင့် မောင်းနှင်နိုင်သည်။

ဗော်လ်ဗိုဒိုဘရာဇီးကုမ္ပဏီသည် အလားတူ ဘတ်စ်ကားကြီး ၂၄ စီးအထိ ဆက်လက်ထုတ်လုပ်သွားရန် စီစဉ်ထားသည်။

ဘရာဇီးနိုင်ငံသည် ကမ္ဘာပေါ်တွင် ဇီဝလောင်စာ သုံးစွဲမှု၌ ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်သည်။

ဘရာဇီးနိုင်ငံတွင် ကြံမှ ဇီဝလောင်စာထုတ်လုပ်ပြီး ယင်းနိုင်ငံရှိ မော်တော်ယာဉ်အရေအတွက်၏ လေးပုံတစ်ပုံမှာ ဇီဝလောင်စာအသုံးပြုသည်။ ***အင်တာနက်။***

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဟိုတယ်နှင့် ခရီးသွားပုဂ္ဂလိကလုပ်ငန်းရှင်များအား အမှာစကား ပြောကြားစဉ်။ (ဟိုတယ်/ခရီး)

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဟိုတယ်နှင့် ခရီးသွားပုဂ္ဂလိကလုပ်ငန်းရှင်များ တွေ့ဆုံပွဲကျင်းပ

နေပြည်တော် မေ ၃၀

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၉ နာရီတွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ဟိုတယ်နှင့်ခရီးသွား ပုဂ္ဂလိကလုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဟိုတယ်လုပ်ငန်း၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေးကော်မတီ၊ ဧည့်လမ်းညွှန်များ ကော်မတီ၊ စားဖိုမှူးများအဖွဲ့တို့အား စည်းလုံးညီညွတ်စွာ ပေါင်းစပ်၍ မြန်မာ့ခရီးသွား လုပ်ငန်းဘုတ်အဖွဲ့ MTB (Myanmar Tourism Board) ဖွဲ့စည်း ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ အခြားသော လုပ်ငန်းဆက်စပ်မှုရှိသည့် ဝန်ကြီးဌာနများနှင့် ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်မည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Top Royal အဆင့်မြင့်ရုပ်ရှင်ရုံ ဖွင့်လှစ်မည်

ရန်ကုန် မေ ၃၀

Top Royal အဆင့်မြင့်ရုပ်ရှင်ရုံကို ရန်ကုန်မြို့ လှိုင်မြို့နယ် အင်းစိန်လမ်းမကြီးနှင့် ပါရမီလမ်းထောင့်ရှိ စိန်ဂေဟာပါရမီစင်တာ၌ မေ ၂ ရက်တွင် ဖွင့်လှစ်မည်ဖြစ်သည်။

အဆိုပါ အဆင့်မြင့်ရုပ်ရှင်ရုံကို စိန်ဂေဟာ ပါရမီစင်တာ စတုတ္ထထပ်၌ ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်သည်။ ယင်းရုပ်ရှင်ရုံသည် အရုပ်နှင့် အသံပိုင်းဆိုင်ရာ ခေတ်မီစက်ကြီးများဖြင့် Dolby System အသံစနစ်ကို အသုံးပြုထားသည့် ရုပ်ရှင်ရုံ တစ်ရုံဖြစ်သည်။

၎င်းရုပ်ရှင်ရုံ၌ ထိုင်ခုံစုစုပေါင်း ၃၃၃ ခုံပါရှိပြီး ကြည့်ရှုသူ ပရိသတ်များ သက်သောင့်သက်သာဖြင့် စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေအနားယူ ကြည့်ရှုနိုင်ရန် လေအေးပေးစက်စနစ်များကိုလည်း အပြည့်အဝ ထားရှိထားသည့် အဆင့်မြင့်ရုပ်ရှင်ရုံဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အတွေးအမြင်

လူသားတို့၏ နေ့စဉ်ဘဝနှင့် ရွေးချယ်မှု

လူသားတွေရဲ့ နေ့စဉ်လှုပ်ရှားသွားလာလုပ်ကိုင်မှုမှန်သမျှမှာ ‘ရွေးချယ်မှု’ ဆိုတာ မပါဘဲနဲ့ အရာရာဟာ ပြီးမြောက်သွားခြင်းမရှိပါဘူး။ ဒါပေမယ့် ဒီအတွေးမျိုးကို သေချာဆင်ခြင်ကြည့်ဖို့ စိတ်ကူးစိတ်သန်းမပေါ်ဘဲ ဖြစ်တတ်ပါတယ်။ တစ်ဘဝလုံးနဲ့ စပ်ဆိုင်တဲ့ ကိစ္စရပ်တစ်ခုကို ရွေးချယ်ဆုံးဖြတ်ဖို့ ကြုံလာချိန်မှပဲ ‘ရွေးချယ်မှု’ဟာ လူသားတွေရဲ့ဘဝမှာ ဘယ်လောက်အရေးပါတယ်ဆိုတာ စဉ်းစားမိတတ်ကြပါတယ်။

နံနက်မိုးလင်းလို့ အိပ်ရာကထတာနဲ့ ဘာကိုအရင်ဆုံးလုပ်မယ်ဆိုတာ ရွေးချယ်ဖို့ဖြစ်လာပါတော့တယ်။ မျက်နှာမသစ်ခင် တီဗွီခလုတ်ဖွင့်ပြီး သတင်းထူးတွေ ဘာလာနေသလဲကြည့်ရင်ကောင်းမလား၊ ရေဒီယိုဖွင့်ပြီး နိုင်ငံတကာသတင်းတွေနားထောင်ရင် ကောင်းမလား၊ ညက ဖတ်လက်စ စာအုပ်ကို လေးငါးမျက်နှာလောက် ဖတ်ရင်ကောင်းမလား၊ တစ်ခုခုကို ရွေးချယ်ဖို့ ဖြစ်လာတာပါပဲ။

မျက်နှာသစ်ပြီးပြန်တော့လည်း နံနက်ခင်းစာအတွက် ရွေးချယ်ဖို့ ကြုံလာပြန်ပါတယ်။ အိမ်ရှင်မ အသင့်လုပ်ပေးမယ့် နံနက်ခင်းစာကိုပဲ စားမလား၊ ကိုယ်တိုင်အပြင်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်မလား ရွေးချယ်ရပြန်ပါတယ်။ လက်ဖက်ရည်ဆိုင်မှာ ထိုင်ဖြစ်ပြီဆိုပါတော့။ ထမင်းကြော်စားမလား၊ မုန့်ဟင်းခါးစားမလား၊ ပဲပလာတာစားမလား၊ ကော်ဖီသောက်မလား၊ လက်ဖက်ရည်သောက်မလား စဉ်းစားရွေးချယ်ရပြန်ပါတယ်။

ရေချိုးပြီး အလုပ်သွားဖို့ ပြင်ဆင်တဲ့နေရာမှာလည်း ရွေးချယ်မှုက ပေါ်လာမှာ မလွဲပါဘူး။ အင်္ကျီဘာအရောင်ဝတ်မလဲ၊ ပုဆိုးဘယ်အဆင်နဲ့သင့်လျော်မလဲ ရွေးချယ်ရတာပဲ အလုပ်တစ်ခုပါ။ တစ်ခါတစ်ရံ စက္ကန့်ပိုင်းလောက်နဲ့ ရွေးချယ်လို့ မပြီးနိုင်ဘဲဖြစ်တတ်ပါတယ်။ ဒီနေရာမှာ အဝတ်အစားကို ဖြစ်သလိုဝတ်တတ်သူထက် ဇီဇာကြောင်သူဆိုရင် ရွေးချယ်ရတာပိုပြီး အချိန်ယူရတတ်ပါတယ်။

အလုပ်ခွင်မှာပဲ ဖြစ်ဖြစ်၊ အလုပ်ခွင်ပြင်ပမှာပဲဖြစ်ဖြစ် တစ်စုံတစ်ယောက်နဲ့ တွေ့ဆုံစကားပြောတဲ့အခါမှာလဲ အတတ်နိုင်ဆုံး အဆင်ပြေဖို့ စကားလုံးရွေးရတာပါပဲ။ အချိန်ယူပြီး ဂရုစိုက်ရွေးချယ်နေရတာ မျိုးမဟုတ်ပေမယ့် စက္ကန့်ပိုင်းအတွင်း ဦးနှောက်က အလိုအလျောက် ရွေးချယ်သွားတာမဟုတ်ပါလား။

အလုပ်ကအပြန် စတိုးဆိုင်ဝင်ပြီး ဈေးဝယ်ပြီဆိုရင်တော့ ရွေးချယ်မှုကိစ္စက သိသိသာသာကို ရှေ့တန်းရောက်လာပါပြီ။ အိမ်က ကြိုတင်ပြီး ဘာဝယ်မယ်လို့ စဉ်းစားထားဦးတော့ ‘ရွေးချယ်မှု’နဲ့မလွတ်နိုင်ပါဘူး။ ဒီနေ့ခေတ်မှာ ကုန်ပစ္စည်းအမျိုးအစားတစ်ခုတည်းကိုပဲ ကုန်အမှတ်တံဆိပ်အမျိုးမျိုးနဲ့ ထုတ်လုပ်ရောင်းချနေလေတော့ စားသုံးသူတွေအတွက် ရွေးချယ်စရာတွေ ပိုများလာတာပါပဲ။

Super Market *တစ်ခုတည်းမှာတောင် ဆပ်ပြာမှုန့်ကိုပဲ တံဆိပ်ငါးမျိုးလောက် တင်ရောင်းကြတာမဟုတ်လား။ ကိုယ်သုံးနေကျ ဆပ်ပြာမှုန့်ရှိရင် မထောင်းတာလှပေမယ့် ကိုယ်သုံးနေကျ ဆပ်ပြာမှုန့်ကုန်နေတဲ့ အခြေအနေမျိုးမှာ ဘယ်တံဆိပ် ပြောင်းသုံးရင်ကောင်းမလဲဆိုတာ ရွေးချယ်စရာဖြစ်လာပါတော့တယ်။ကိုယ့်မှာရှိတဲ့ ပိုက်ဆံနဲ့ လောက်ငအောင် စဉ်းစားရတာကတစ်မျိုး၊ အမှန်တကယ်အသုံးတည့်မယ့်ပစ္စည်း ဖြစ်မဖြစ် စဉ်းစားရတာက တစ်ဖုံနဲ့ သာမန်မျှဝင်ငွေရှိသူတစ်ဦးဆိုရင် သူ့အတွက် အကောင်းဆုံးဖြစ်နိုင်ဖို့ စဉ်းစားရွေးချယ်နိုင်မှ တော်ကာကျမှာ မဟုတ်ပါလား။*

အိမ်ပြန်ဖို့ ဘတ်စ်ကားမှတ်တိုင်မှာ ကားစောင့်ရင်းလည်း ဘယ်လိုင်းကားစီးရင် သက်သောင့်သက်သာရှိမလဲ၊ ဘယ်လိုင်းကားက ပိုမြန်မြန်ရောက်မလဲ၊ ဘယ်လိုင်းကားက ပိုက်ဆံအကုန်အကျသက်သာမလဲဆိုတာကအစ စဉ်းစားရွေးချယ် နေရတုန်းပါပဲ။ အိမ်ရောက်လို့ ညအိပ်ရာဝင် မျက်စိနှစ်လုံးမမှိတ်မချင်း ရွေးချယ်စရာတွေကို အချိန်နဲ့အမျှ ရင်ဆိုင်နေရမှာ မလွဲပါဘူး။

ဒီလိုနေ့စဉ် လူမှုဘဝရဲ့ အသေးအဖွဲ့ကိစ္စလေးတွေမှာတောင် ရွေးချယ်ပြီးမှ လုပ်နေကြတာဆိုတော့ ဘဝတစ်ခုလုံး နဲ့ပတ်သက်တာဆိုရင်တော့ ရွေးချယ်မှုဟာ အလေးအနက်ထားရမယ့်ကိစ္စတစ်ရပ်ဖြစ်လာပါတယ်။ ရွေးချယ်မှုတစ်ချက် မှားရင် တစ်သက်လုံး ခံစားသွားရတာမျိုးရှိတယ် မဟုတ်လား။

လူသားတစ်ယောက်ဖြစ်လာရင် မွေးဖွားသည်မှ သေဆုံးသည်အထိ ရွေးချယ်မှုမပါဘဲ ဘဝကိုဖြတ်သန်းသွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။ ဆယ်တန်းအောင်လို့ ဘယ်တက္ကသိုလ်တက်မယ်၊ ဘယ်ဘာသာတွဲယူမယ်ဆိုတာကအစ၊ ဘဝကြင်ဖော်ရွေးချယ်တာ၊ အလုပ်အကိုင်ရွေးချယ်တာအဆုံးစတဲ့ ရွေးချယ်မှုတွေဟာ လူအများစု မလွဲမသွေရင်ဆိုင်ရမယ့် ကိစ္စရပ်တွေပါပဲ။

ဒီလိုရွေးချယ်ရာမှာ ကိုယ်တိုင်ရွေးချယ်ဆုံးဖြတ်ဖို့ ခက်ခဲနေတဲ့အခါ မိတ်ဆွေအပေါင်းအသင်းတွေ၊ မိဘဆွေမျိုးတွေနဲ့ တိုင်ပင်ပြီး ရွေးချယ်ရတာမျိုးလည်း ရှိတတ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ရွေးချယ်ဆုံးဖြတ်ပြီးရင်တော့ အဲဒီ ရွေးချယ်မှုရဲ့ အကျိုးသက်ရောက်မှုကို ကာယကံရှင်တွေသာ ခံစားကြရမှာ ဖြစ်ပါတယ်။

ဒီနေ့ မိမိတို့နိုင်ငံတော်မှာ ပါတီစုံ ဒီမိုကရေစီခေတ်ကို ဖြတ်သန်းနေကြရတာမို့ အသက်(၁၈)နှစ် ပြည့်ပြီးသူတိုင်းဟာ ငါးနှစ်တစ်ကြိမ် ကျင်းပတဲ့ ရွေးကောက်ပွဲတွေမှာ လွှတ်တော်ကိုယ်စားလှယ်တွေကို မဲပေးရွေးချယ်ကြရမှာ ဖြစ်ပါတယ်။

နိုင်ငံ့အရေးအရာကိစ္စတွေ ဆောင်ရွက်ကြမယ့် လွှတ်တော်ကိုယ်စားလှယ်တွေကို မဲဆန္ဒပေးရွေးချယ်ကြရာမှာ နေ့စဉ်ဘဝပုံမှန်ဆောင်ရွက်မှုတွေကို ရွေးချယ်ဆုံးဖြတ်သလိုမျိုး အမှတ်တမဲ့၊ ပြီးပြီးရော ရွေးချယ်ဆုံးဖြတ်တာမျိုး မဖြစ်သင့်ပါဘူး။ ကိုယ့်ရဲ့ရွေးချယ်မှုဟာ ကိုယ်တစ်ယောက်တည်းအပေါ်မှာသာ အကျိုးသက်ရောက်မှုရှိစေနိုင်တာ မဟုတ်ဘဲ အများပြည်သူတွေအပေါ်မှာပါ အကျိုးသက်ရောက်မှု ရှိနိုင်တာကြောင့်ပါ။

လူသားတစ်ဦးချင်းစီရဲ့ ဘဝမှာ တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ အောင်မြင်ခြင်း၊ ကျဆုံးခြင်းတွေဟာ လူတစ်ဦးချင်းစီရဲ့ ရွေးချယ်မှုအပေါ်မှာ အများကြီးပဲ မူတည်နေပါတယ်။ နေ့စဉ် လူမှုဘဝ အသေးအဖွဲ့ကိစ္စတွေမှာ ရွေးချယ်မှုမှန်ကန်ခြင်း၊ မမှန်ကန်ခြင်းဟာ တစ်ဘဝလုံးအပေါ်မှာပါ သက်ရောက်မှုရှိနိုင်ပါတယ်။ အထူးသဖြင့် အချိန်နဲ့ ပတ်သက်ပြီး ရွေးချယ်မှုဟာ ဘဝကို အများကြီး လွှမ်းမိုးထားနိုင်ပြီး အပြောင်းအလဲတွေ ဖြစ်စေနိုင်ပါတယ်။

ဘဝမှာ မလွဲမသွေရင်ဆိုင်ရမယ့် “ရွေးချယ်မှု”ကို ပေ့ါပေ့ါတန်တန်သဘောမထားဘဲ ဂရုတစိုက် လုပ်ဆောင်ခြင်းဖြင့် အောင်မြင်တဲ့ဘဝများစွာကို ပိုင်ဆိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

မောင်တွေးထက်

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်း သေဆုံးမှုဖြစ်ပွား

ရန်ကုန် မေ ၃၀

လမ်းဘေး၌ ရပ်ထားသည့်ယာဉ်အား နောက်မှတိုက်မိမှုကြောင့် ယာဉ်မောင်းသူသေဆုံးသွားသည့်ဖြစ်စဉ်တစ်ခု မေ ၂၉ ရက် နံနက် ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်း၌ တောင်ဘက်မှ မြောက်ဘက်သို့ ယာဉ်မောင်း စိန်သောင်းမောင်းနှင်လာသည့် (အနောက်ပိုင်းခရိုင်)ဟိုင်းလပ်ဖြူ/နီရောင်(၁၀၇)ယာဉ်လိုင်းမှ ယာဉ်သည် ကြည့်မြင်တိုင်မြို့နယ် သီရိမင်္ဂလာဈေးဟောင်းရှေ့၌ လမ်းဘေးတွင်ရပ်ထားသည့် ဟီးနိုးကွန်တိန်နာယာဉ်အား နောက်မှဝင်တိုက်မိခြင်း ဖြစ်သည်။ ယာဉ်တိုက်မှုကြောင့် ယာဉ်နှစ်စီးလုံးပျက်စီးသွားပြီး မဆင်မခြင်မောင်းနှင်သည့်ယာဉ်မောင်းစိန်သောင်း (၅၃)နှစ်မှာ အခင်းဖြစ်နေရာ၌ သေဆုံးသွားသည်။

အမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ကြည့်မြင်တိုင်မြို့နယ် ရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကားလမ်းပေါ် နွားဖြတ်လျှောက် အရှိန်မထိန်းနိုင်၍ ယာဉ်တိမ်းမှောက်

တောင်ငူ မေ ၃၀

မေ ၂၉ ရက် မွန်းလွဲပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့အဝင် လမ်းဆုံအနီးတွင် ခရီးသည်တင်ယာဉ်ကြီးတစ်စီး နွားကိုရှောင်တိမ်းရာမှ တိမ်းမှောက်မှုဖြစ်ပွားရာ ကားပေါ်ပါခရီးသည် ကျား ကိုးဦးနှင့် မ ၁၅ ဦး စုစုပေါင်း ၂၄ ဦး ဒဏ်ရာရရှိသွားကြသည်။ ၎င်းတို့အနက် ခရီးသည် ၁၇ ဦးမှာ ဒဏ်ရာပြင်းထန်သဖြင့် တောင်ငူမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ အတွင်းလူနာများအဖြစ် ကုသထားကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မေ ၂၉ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော်မှ ရန်ကုန်မြို့သို့ ခရီးသည် ၄၅ ဦးတင်ဆောင်လျက် ယာဉ်မောင်းဦးအောင်မြင့်(ဘ) ဦးသာအေး မောင်းနှင်သည့် ခရီးသည် ပို့ဆောင်ရေးအမြန်ယာဉ်အမှတ် ၈ဆ/၂၀၀၃ သည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး တောင်ငူမြို့ အဝင်လမ်းဆုံ မိုင်တိုင်အမှတ်(၁၄၇)အနီး အရောက်တွင် လမ်းဖြတ်သန်းသည့် နွားတစ်ကောင်ကို ရှောင်တိမ်းရာမှ လမ်းဝဲဘက်သို့ ထိုးကျ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်ပြီး တောင်ငူမြို့ အမှတ်(၂) မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (၁၂၉)

ဆွဲကြိုးက ကျောက်ခဲဖြစ် လိမ်လည်လှည့်ဖြားမှုဖြစ်ပွား

ရန်ကုန် မေ ၃၀

ဒေါပုံမြို့နယ် ကျည်စုရပ်ကွက်နေ အသက် (၆၉) နှစ်အရွယ်အမျိုးသမီးကြီး တစ်ဦးသည် မေ ၂၀ ရက် နံနက် ၁၀ နာရီခန့်တွင် မြို့သစ်ဈေးသို့သွားရောက်ရာ ဈေးအဝင်၌ အသက် (၃၇) နှစ်အရွယ်လူငယ်တစ်ဦးနှင့် တွေ့ဆုံသည်။ ထိုလူငယ်က ရင်းရင်းနှီးနှီးနှုတ်ဆက်၍ ၎င်းသည်ဒေါပုံမြို့နယ်သို့ တာဝန်နှင့်ပြောင်းလာသူဖြစ်ကြောင်း၊ ဆန်တစ်အိတ်လျှင် ကျပ် ၁၉၀၀၀ နှုန်းဖြင့် ရမည်ဖြစ်ကြောင်း ပြောဆိုသဖြင့် လိုက်ပါသွားခဲ့သည်။

မြို့နယ်အားကစားကွင်း ယမုန္နာလမ်းအရောက် အမျိုးသမီးတစ်ဦးနှင့် တွေ့ဆုံမိတ်ဆက်ပေးရာ ၎င်းအမျိုးသမီးက ဆန်ဝယ်ရာ၌ ကူညီမည်ဖြစ်ကြောင်း၊ အမျိုးသမီးကြီးဝတ်ဆင်ထားသည့် ကျပ် ခြောက်သိန်းတန်ရွှေဆွဲကြိုးအား ချွတ်၍သိမ်းဆည်းရန်ပြောပြီး ၎င်းအမျိုးသမီးက ရွှေဆွဲကြိုးကို ဝိုင်းကူဖြုတ်ပေးကာ စာအိတ်တွင်းထည့်၍ ပြန်ပေးကာထွက်သွားသည်။

ထို့နောက်အမျိုးသားက အဆိုပါအမျိုးသမီးအား လက်ဖက်ရည်တိုက်သွားမည်ဟုပြောဆိုကာ ထွက်သွားရာ ပြန်မလာတော့သဖြင့် အမျိုးသမီးကြီးမှာ နေအိမ်သို့ပြန်ခဲ့ပြီး စာအိတ်အားဖွင့်ကြည့်ရာ ရွှေဆွဲကြိုးမဟုတ်ဘဲ ကျောက်ခဲ နှစ်လုံးဖြစ်နေကြောင်း သိရ၍ အရေးယူပေးရန်တိုင်ကြားသည်။ သက်ဆိုင်ရာက (ပ)၁၂၈/၂၀၁၁ ပြစ်မှုပုဒ်မ ၄၂၀ အရ အမှုဖွင့် စုံစမ်းလျက်ရှိသည်။ (၃၁)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ “သဘိယသုတ္တန်”တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
- ၆း၄၀ သံတွဲမြို့မှအံ့ဖွယ်ထူးခြား သုံးဆူဘုရား
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၉၀)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၄၈)**
- ၈း၅၀ ဒွါဒသမတိပိဋကရေ၊ တိပိဋက ကောဝိဒဆရာတော်ဘဒ္ဒန္တ အဘိဇာတာဘိဝံသမွေးဖွားတော်မူရာဝက်လက်မြို့နယ်၊ ဆင်နင်းကျေးရွာ
- ၉း၁၀ Activities In The City [City and Guilds(UK)၏ အင်္ဂလိပ်နိုင်ငံသား (?) ... အင်္ဂလိပ်ဒီပလိုမာလက်မှတ် ချီးမြှင့်ပွဲအခမ်းအနား]
- ၉း၃၀ Sunday Talk [ခင်မောင်ညို(ဘောဂဗေဒ)၊ မျိုးမြတ်သူ]
- ၁၀း၀၅ လပတ်မိုးလေဝသနှင့်ဇလဗေဒ ခန့်မှန်းချက်
- ၁၀း၁၀ ပြင်ဦးလွင်ရဲ့ရွှေခြသေ့်
- ၁၀း၃၀ ဗီဒီယိုပြခန်း
- ၁၀း၄၅ ဈေးဝယ်လမ်းညွှန် (လွှမ်းမိုးသူ Bag Collection)
- ၁၁း၁၀ ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ ဂုဏ်ပူဇာသဘင်နှင့်ထူးချွန်ဆုရသူများဂုဏ်ပြုပွဲ
- ၁၁း၂၅ အဘိုးအဘွားများအေးချမ်းစွာ နားခိုရာချမ်းမြေ့သာယာ စံတော်သာ
- ၁၁း၅၅ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ)
- ၁၂း၁၀ သူ့ဘဝသူ့လက်ရာ (Artist Win Myint Moe)
- ၁၂း၂၅ စံကားဝါမြေမှ မေတ္တာရှင်ဗိုလ်တဒါန အာရောဂျသာလာသံဃာ့ဆေးရုံ
- ၁၂း၄၅ သံဃာရတနာဆိုသည်မှာ. . .
- ၁း၀၀ “သဘိယသုတ္တန်”တရားတော် (သီတဂူဆရာတော်ဒေါက်တာ အရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ယုံကြည်တာကောင်းတယ်၊ မယုံကြည်တာကောင်းတယ်)
- ၃း၂၀ ဖန်ခါးမြေမှရတနာ
- ၃း၄၀ အမိသို့ထွေး၍ ပညာအလင်းတို့ ဖြန့်ဝေရာအမေ့အိမ်အဆင့်မြင့် ပညာရေးဘော်ဒါ
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၄၈)**
- ၄း၅၀ BIFF & BILL Opening
- ၅း၀၀ FMF Selection
- ၅း၃၀ ဂဏန်းသင်္ချာပျော်စရာ(အပိုင်း-၉)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မင်းအတွက်ဆိုရင်” (အပိုင်း-၉၁)**
- ၇း၃၅ သွားမယ်စားမယ် (California Fusions Roll & Sushi)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Kid's Show
- ၉း၀၀ ဟိုတယ်လမ်းညွှန် (Hotel Ace Chaung Tha Beach)
- ၉း၃၀ Barclays Premier League (Man City Vs West Ham)
- ၁၁း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “အနားမညီအချစ်” (အပိုင်း-၄၉)**
- ၁၂း၁၅ ပန်းချီပြခန်း(April Time)
- ၁၂း၃၀ မြန်မာ့ရိုးရာခြင်းလုံးခတ် ကစားခြင်း
- ၁၂း၄၅ ရောင်စုံရသနီယွန်ည
- ၁း၂၀ ၂၅ မိုင် ဖိမ်နဲ့ထိုင်နင်းစရာမလိုတဲ့ စက်ဘီး (မင်းရာဇာ၊ စိုးရန်အောင်၊ သီရတီ၊ ချမ်းမေမြတ်နိုး၊ ဦးစိုးနီ) [ဒါရိုက်တာ-ဒေါက်တာ တင်အောင်ရွှေ(သုတေသီ)]
- ၁း၃၀ ဖန်ဆင်းရေးခြယ် လက်ရာအသွယ်သွယ်
- ၂း၀၅ ဖြစ်ထွန်းအောင်မြင်. . . စိုက်ပျိုးဥယျာဉ်(စပျစ်)
- ၂း၂၅ ဆင်လိမ္မာတို့နားခိုရာ မြင်ဟောဝန်စခန်းမှာ
- ၂း၄၅ ဈေးနှုန်းချိုသာမြန်မာ့ကြွေအမိုးပြား (သာယာဝတီ)
- ၂း၅၅ ဖန်တီးသူတို့ကမ္ဘာ
- ၃း၁၀ ငွေဆောင်ခရီးစဉ်မှသည် ဘဝအတွက် ခွန်အားသစ်များမွေးဖွားခြင်း
- ၃း၄၅ မိုးကုတ်မြို့မှ ရိုးရာအစားအစာများနှင့် ဘားနတ်ဈေးသို့ အလည်တစ်ခေါက်
- ၄း၂၅ မေတ္တာနန္ဒမှသည် မိဘမဲ့ ကလေးငယ်များဆီသို့
- ၄း၄၅ ကန္ဒရဝတီ၏ ယဉ်ကျေးမှု အမွေအနှစ်များစုဝေးရာဆီသို့
- ၄း၅၅ သက်ဝင်လှုပ်ရှားရသ ရုပ်လုံးရုပ်ကြွများ (စလေရုပ်စုံကျောင်းတော်ကြီး)
- ၅း၀၀ အစီအစဉ်ပြီး။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်			ပြသမည့်လိုင်း
၅း၂၅	Liverpool	-	Newcastle	ESPN (Live)
	Birmingham	-	Wolverhampton	STAR SPORTS (Live)
၇း၃၀	Arsenal	-	Man U	ESPN (Live)
၉း၃၀	Man City	-	West Ham	ESPN (Live)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

ရေစကြို၌ မိုးကြိုးပစ်၊ လူနှစ်ဦး သေဆုံး

ရေစကြို မေ ၃၀

ရေစကြိုမြို့နယ်တွင် မေ ၂၀ ရက်က မိုးကြိုးပစ်မှုကြောင့် ရေစကြိုမြို့နယ် ပေါက်တောကြီးကျေးရွာနေ ဦးမြင့်သိန်း-ဒေါ်အေးကြိုင် တို့၏သမီး အသက်(၂၆)နှစ် မခင်စန်းဝင်းဆိုသူသည် မိုးကြိုးထိမှန်မှုကြောင့် ၎င်းနေရာတွင်ပင် သေဆုံးသွားသည်။ အလားတူ ဇယပ်နီကျေးရွာတွင်လည်း တစ်ဦးသေဆုံးသွားကြောင်း သိရသည်။ (၂၀၇)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိနိုင်ရေး မြန်မာ့လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ကြည့်ရှုအားပေး

ရန်ကုန် မေ ၃၀

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ လက်ရွေးစင်အားကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှုများကို မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ယနေ့နံနက် ၇ နာရီတွင် လှည့်လည်ကြည့်ရှုအားပေးသည်။

ရွှေဦးစွာ ရန်ကုန်မြို့ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ မြန်မာ့လက်ရွေးစင် အားကစားသမား ထက်အောင်နှင့် မောင်ငယ်၊ နှင်းမို့မို့နိုင်နှင့် ကြူကြူလှိုင်တို့က သရုပ်ပြယှဉ်ပြိုင်ကစားကြပြီး အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးနှင့် အတွင်းရေးမှူး ဦးတင်လှိုင်တို့က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်နိုင်မှုရရှိရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်နှင့် ဘတ်စကက်ဘောအဖွဲ့ချုပ်တို့၌ သွားရောက်ပြီး မြန်မာ့လက်ရွေးစင် အားကစားသမားများ၏ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လမ်းမတော်မြို့နယ်ရှိ အမျိုးသားကြက်တောင် အားကစားခန်းမ၌ မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေနှင့် အမှုဆောင်များအားတွေ့ဆုံပြီး ကြက်တောင်ရိုက်အားကစား တိုးတက်မြင့်မားရေးနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြသည်။

အလားတူ နံနက်ပိုင်းတွင်လည်း အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၌ ကျောင်းအုပ်ကြီးနှင့် နည်းပြအရာရှိများအား တွေ့ဆုံကာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အားကစားသင်တန်းများ တိုးချဲ့ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ ပဏာမမြန်မာ့လက်ရွေးစင် လက်ဝှေ့အားကစားသမားများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။ (အား/ကာ)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခြောက်ခရိုင် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့ပြိုင်ပွဲ ဆုပေးပွဲကို မေ ၂၇ ရက်က မော်လမြိုင်ကျွန်းမြို့ မော်ရွှေဝါခန်းမ၌ ကျင်းပရာ သက်ငယ်တန်းဆုဖလား၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဆုဖလားနှင့် တံခွန်စိုက်ဆုဖလားရရှိသည့် လပွတ္တာခရိုင် လက်ဝှေ့အဖွဲ့မှ အသင်းအုပ်ချုပ်သူနှင့် နည်းပြတို့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဌေးမောင်နှင့် တာဝန်ရှိသူများ ဆုပေးအပ်ချီးမြှင့်စဉ်။

(၃၆၄)

ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဖလား ကိုင်မြှောက်ပြမည်ဟု ဖာဂူဆန်ပြောကြား

မန်ချက်စတာ မေ ၃၀

လက်ရှိ ပရီမီယာလိဂ်အမှတ်ပေးဇယားထိပ်ကို ဦးဆောင်နေသည့် မန်ယူအသင်း၏ နည်းပြဖာဂူဆန်က ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဖလားကို ကိုင်မြှောက်ပြသွားမည်ဟု ပြောကြားလိုက်သည်။

ဖာဂူဆန်က မေ ၁ ရက် (တနင်္ဂနွေနေ့)တွင် ကစားရမည့် အာဆင်နယ်နှင့်ပွဲ၊ မေ ၇ ရက်(စနေနေ့)တွင် ပွဲစဉ် (၃၆)အပြင် ချယ်လ်ဆီးနှင့် ကစားရမည့်ပွဲများကို အနိုင်ကစား၍ ပရီမီယာလိဂ်ချန်ပီယံဆုဖလားကို ကိုင်မြှောက်ပြသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ မန်ယူအသင်းသည် အဆိုပါနှစ်ပွဲကို အနိုင်ရပါက ပြိုင်ပွဲပြီးဆုံးရန် နှစ်ပွဲအလိုတွင်ပင် ချန်ပီယံဖြစ်ခွင့်ရရှိမည်ဖြစ်သည်။

မန်ယူအနေဖြင့် ယခုနှစ် အမှတ်ပေးချန်ပီယံဖြစ်ခဲ့ပါက (၁၉)ကြိမ်မြောက် အမှတ်ပေးချန်ပီယံ ဖြစ်မည်ဖြစ်ပြီး အမှတ်ပေးချန်ပီယံဆု အများဆုံးရရှိသည့်အသင်းအနေဖြင့် သမိုင်းသစ်ကိုပါရေးထိုးနိုင်တော့မည်ဖြစ်သည်။ ဖာဂူဆန်က အာဆင်နယ်နှင့် ချယ်လ်ဆီးတို့မှာ ခက်ခဲသည့် ပြိုင်ဘက်ကောင်းများဖြစ်ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် ခက်ခဲသည့် ပြိုင်ဘက်များကို အကောင်းဆုံးခြေစွမ်းဖြင့် ယှဉ်ပြိုင်ပြီး ဆုဖလားကိုင်မြှောက်၍ ရာသီပိတ်သိမ်းလိုကြောင်း ပြောကြားခဲ့သည်။

အင်တာနက်။

ပြိုင်ပွဲမပြီးဆုံးမီ ချန်ပီယံဆုဖလား ကိုင်မြှောက်ရန် ဆန္ဒပြင်းပြ နေသည့် ဖာဂူဆန်။

နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုအလိုက် နောက်ဆုံးပွဲစဉ်များ ဆက်လက်ကျင်းပ

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အသက်(၁၈)နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၏ အုပ်စုအလိုက် နောက်ဆုံးပွဲစဉ်များကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပသည်။

၂၀၁၁ ခုနှစ် နွေရာသီဖိတ်ခေါ် အသက်(၁၈)နှစ်အောက် အမျိုးသား ဘတ်စကက်ဘော ပြိုင်ပွဲတွင် VENOM အသင်းနှင့် ဆိပ်ဖူးတောင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

(သတင်းစဉ်)

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ KINGS အသင်းက သံလွင်အသင်းကို ၂၀ မှတ်-သုညမှတ်၊ LEGACY (T.T.C) အသင်းက COBRA အသင်းကို ၆၃ မှတ်-၂၇ မှတ်၊ ကန္ဒာရဝတီ(ကယား) အသင်းက မိုးကုတ် အသင်းကို ၆၄ မှတ်-၃၈ မှတ်၊ (ခ)အုပ်စုမှ ရှမ်းပြည်နယ် (တောင်ပိုင်း) (ခ)အသင်းက ဟသ်ာတ အသင်းကို ၃၈ မှတ်-၃၇ မှတ်၊ VENOM အသင်းက ဆိပ်ဖူးတောင်အသင်းကို ၇၈ မှတ်-၂၃ မှတ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း) (က)အသင်းက မွန် (ချောင်းဆုံ) အသင်းကို ၆၀ မှတ်-၄၅ မှတ်တို့ဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲ၏ အကြိုဗိုလ်လုပွဲများကို မေ ၁ ရက် နံနက် ၉ နာရီတွင် အဆိုပါ အားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပမည်ဖြစ်ရာ အမျိုးသမီးပြိုင်ပွဲတွင် အမှတ်(၁) စက်မှုအသင်းနှင့် ကန္ဒာရဝတီ(ကယား) အသင်း၊ မိုးကုတ်အသင်းနှင့် ဆိပ်ဖူးတောင် (က)အသင်း၊ အမျိုးသားပြိုင်ပွဲတွင် သံလွင်အသင်းနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) (က)အသင်း၊ LEGACY (T.T.C)အသင်းနှင့် VENOM အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(သတင်းစဉ်)

စပါးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်မရပါက ဂါရတ်ဘေးလ်ကို လက်လွှတ်ရဖွယ်ရှိ

လန်ဒန် မေ ၃၀

စပါးအသင်းသည် ယခုနှစ်ရာသီကုန်တွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရှိပါက ၎င်းတို့၏ တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို လက်လွှတ်ရဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြနေကြသည်။

စပါးအသင်း၏ ဘယ်တောင်ပံတွင် ခြေစွမ်းပြနေသည့် ဂါရတ်ဘေးလ်ကို စပိန်ထိပ်သီးကလပ် ရီးယဲလ်မက်ဒရစ်က ခေါ်ယူရန် စောင့်ကြည့်နေသကဲ့သို့ ချယ်လ်ဆီးသူဌေး အေဗရာမိုဗစ်ချ်ကလည်း ပေါင်သန်း ၄၀ ပေး၍ ခေါ်ယူကာ တစ်ပတ်လုပ်ခလစာ တစ်သိန်းငါးသောင်းပေးသွားမည်ဟုဆိုသည်။ ဥရောပပြိုင်ပွဲများတွင် ပါဝင်ကစားရင်း ဆုဖလားကိုင်မြှောက်လိုသည့် ဂါရတ်ဘေးလ်အတွက် ထိုအခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခံရန် မလွယ်ကူလှပေ။

လက်ရှိပရီမီယာလိဂ် အဆင့်(၅)တွင် ရပ်တည်နေသည့် စပါးအသင်းသည် မန်စီးတီးကိုကျော်ဖြတ်၍ ချန်ပီယံလိဂ်ဝင်ခွင့်ရရေးကြိုးပမ်းနေချိန်တွင် အဆင့်(၆)မှ လီဗာပူးအသင်း၏ ဖိအားပေးမှုကို ခံနေရပြီဖြစ်သည်။ ထို့ကြောင့် ရာသီကုန်တွင် စပါးအသင်း၏ ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အိပ်မက်မှာ ဝေဝါးလျက်ရှိနေသည်။ အကယ်၍ စပါးအသင်းသည် ချန်ပီယံလိဂ်ဝင်ခွင့် ဆုံးရှုံးရပါက ၎င်းတို့အားထားရသည့် ဘယ်တောင်ပံကစားသမား ဂါရတ်ဘေးလ်ကိုလည်း လက်လွှတ်ရဖွယ်ရှိနေခြင်းဖြစ်သည်။

အင်တာနက်။

ပရီမီယာလိဂ်ပွဲစဉ် (၃၅) ရလဒ်များ

ဘလက်ဘန်း	၁	-	၀	**ဘော်လ်တန်**
ဘလက်ပူး	၀	-	၀	**စတုတ်စီးတီး**
ဆန်းဒါးလန်း	၀	-	၃	**ဖူလ်ဟမ်**
ဝက်စ်ဘရွန်း	၂	-	၁	**ဗီလာ**
ဝီဂန်	၁	-	၁	**အဲဗာတန်**

ဟန်သစ်

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြစ်ဝကျွန်းပေါ်ဒေသများ မိုးပိုလာနိုင်

နေပြည်တော် မေ ၃၀

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ပဲခူးတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ်မှ ၈ ဒီဂရီစင်တီဂရိတ်ထိလျော့ နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်ပျဉ်းမနားမြို့နယ်တွင် ၁ ဒသမ ၅၇ လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ၁ ဒသမ ၃၈ လက်မ၊ နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၈၇ လက်မ၊ ငသိုင်းချောင်းမြို့တွင် ၁ ဒသမ ၆၅ လက်မ၊ မြင်းမူမြို့၊ မာန်အောင်မြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ဒသမ ၃၈ လက်မစီ၊ ပူတာအိုမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၁၈လက်မ၊ ပင်လောင်းမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ ကန့်ဘလူမြို့တွင် ၁ ဒသမ ၁၁ လက်မ၊ ဟသ်ာတမြို့တွင် ၁ ဒသမ ၀၆ လက်မ၊ မြောင်းမြမြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ကျောက်ဖြူမြို့နှင့် ကြို့ပင်ကောက်မြို့တို့တွင် သုည ဒသမ ၉၈ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၁ ရက် ညနေထိခန့်မှန်းချက် ။ ။စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးရှိ နှင်းဆီမြိုင်ဂေဟာ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မေ ၃၀

သက်ကြီးရွယ်အိုများအား ပြုစုစောင့်ရှောက်ခြင်းသည် ကောင်းမြတ်သော မြန်မာ့ဓလေ့ထုံးစံကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်နှင့်အညီ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး စောင့်ရှောက်ရေးအဖွဲ့ ပထမဥက္ကဋ္ဌ သတိုးသီရိသုဓမ္မဘွဲ့ရ မြန်မာ့အလင်း ဦးတင် အထိမ်းအမှတ် နှင်းဆီမြိုင်ဂေဟာ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်၍နှင်းဆီမြိုင်ဂေဟာ မော်ကွန်းကမ္ပည်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဧည့်သည်တော်များနှင့်အတူ ဘိုးဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ဂေဟာအိပ်ခန်းများနှင့် ပြပွဲခန်းမရှိ ပန်းချီကားများကို ကြည့်ရှုလေ့လာကြသည်။

နှင်းဆီကုန်းဘိုးဘွားရိပ်သာကြီးသည် ၁၉၃၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် အဘွားဒေါ်ဦးဇွန်း တည်ထောင်ခဲ့သည့် သဃ်န်းကျွန်းမြို့နယ်ရှိ နှင်းဆီကုန်း လူအိုရုံမှ ယခုဖွင့်လှစ်လျက်ရှိသော အမှတ်(၂၁) ကမ္ဘာအေးစေတီလမ်းသို့ ၁၉၅၆ ခုနှစ် မေ ၃၀ ရက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သဖြင့် (၇၈)နှစ် သက်တမ်းရှိသော ဘိုးဘွားရိပ်သာဖြစ်ပြီး အဘိုး ၆၁ ဦး၊ အဘွား ၁၃၅ ဦး စုစုပေါင်းဘိုးဘွား ၁၉၆ ဦးကို စောင့်ရှောက် ပေးလျက်ရှိသည်။ ယခုဖွင့်လှစ်သော နှင်းဆီမြိုင်ဂေဟာသည် အလျား ၁၁၅ ပေ၊ အနံ ၄၂ ပေရှိ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကာ ၂၀၀၈ ခုနှစ် ဩဂုတ် ၁၈ ရက်တွင် အုတ်မြစ်စီဆောက်လုပ်ခဲ့ပြီး ၂၀၁၁ ခုနှစ် မတ် ၃၁ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ နှင်းဆီမြိုင်ဂေဟာ ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းလုပ်ငန်းများစစ်ဆေး

နေပြည်တော် မေ ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် မေ ၂၇ ရက် နံနက်ပိုင်းတွင် စကြော့-ခနေဖြူ-ဇလွန်-ဟင်္သာတလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဟင်္သာတခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာရုံး၌ ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံများနှင့် တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် ဟင်္သာတ-ဆုံကုန်း-မြန်အောင်-ကြံခင်းလမ်း တိုးတက်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသော ကုမ္ပဏီများမှ တာဝန်ခံများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၅-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ် -ချစ်မိတ်ဆွေဗလကြီး (အပိုင်း-၅၂)**
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခရမ်းရောင်ဒေါက်မြင့်ဖိနပ်နဲ့ မိန်းကလေး**
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၆၃)**

ညပိုင်း

၄း၀၄ ၁။ နိုင်ငံတော်သီချင်း
၄း၁၀ ၂။ မျိုးချစ်တပ်မတော်
၄း၁၅ ၃။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၄။ လျှပ်တစ်ပြက်
၄း၃၀ ၅။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၄း၄၀ ၆။ မြန်မာ့ရှုခင်း
၄း၅၀ ၇။ မီးသတိပေးနှိုးဆော်ချက်
၅း၁၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၅ ၉။ ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၃)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ၂၀၁၁ ခုနှစ် အလုပ်သမားနေ့ ဂုဏ်ပြုဖျော်ဖြေမှုအစီအစဉ် **"မြဝတီအငြိမ့်"**
၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၁။ ၂၀၁၁ ခုနှစ် အလုပ်သမားနေ့ ဂုဏ်ပြုရုပ်မြင်သံကြားဇာတ်လမ်း **"တိုက်ပွဲခေါ်သံ"**

ပညာဂုဏ်ရောင် အလင်းဆောင် ပညာဂုဏ်ရောင် အလင်းဆောင်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များလှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများအသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ အတွက် အားပေးကူညီဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ အောင်မြင်စေရေးအတွက် စေတနာရှင်အလှူရှင်များက အလှူငွေနှင့်စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းလျက်ရှိရာ မေ ၂၈ ရက်တွင် အလှူရှင် ဦးမောင်မောင်မြင့်အေး (လာဘ်မိုးစွေစာပေ)က ငွေကျပ် ၂၀၀၀၀၀ တန်ဖိုးရှိ မဂ္ဂဇင်း အုပ် ၁၀၀၊ ဦးစိုးမြင့်(အဏ္ဏဝါစိုးမိုး)က ငွေကျပ် ၄၅၃၀၀၀ တန်ဖိုးရှိ သုတ၊ ရသစာအုပ် ၁၇၇ အုပ်နှင့် ပြက္ခဒိန် ၉၉ စောင်တို့ကို ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးမောင်မောင်နှင့် ဒုတိယဥက္ကဋ္ဌဦးညွန့်ဆွေတို့က လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြသည်။ **(အပေါ်ဝဲပုံ)**

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ စာအုပ်၊ စာစောင်များနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆၊ ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

ရှမ်းပြည်နယ် ပြန်/ဆက် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၃၀

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် တောင်ကြီးခရိုင်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက အဖွင့်အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်၊လင်ခေးခရိုင်တို့မှ ခရိုင်ဦးစီးအရာရှိများနှင့် မြို့နယ်ဦးစီးမှူးများက ခရိုင်နှင့်မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။ဆက်လက်၍ လုပ်ငန်းတင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးကာ လုပ်ငန်းဆုံးဖြတ်ချက်များ ချမှတ်သည်။

ဆက်လက်၍ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသည့် စာအုပ်၊ စာစောင် အုပ်ရေ ၁၅၀၀ ကို ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီက ရှမ်းပြည်နယ်(တောင်ပိုင်း) စံ(၅)ချက်ညီ ကျေးရွာစာကြည့်တိုက် ၇၂၃ တိုက်အတွက် လှူဒါန်းပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေမေနီ စာကြည့်တိုက်ဖောင်ဒေးရှင်းက လှူဒါန်းသည့် စာအုပ်စာစောင် အုပ်ရေ ၁၅၀၀ ကို ရှမ်းပြည်နယ်(တောင်ပိုင်း)စံ(၅)ချက်ညီ ကျေးရွာစာကြည့်တိုက် ၇၂၃ တိုက်အတွက် လှူဒါန်းစဉ်။ (ပြန်/ဆက်)

မိုးကုတ်မြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်

မိုးကုတ် မေ ၃၀

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ် အာစရိယပူဇော်ပွဲကို မိုးကုတ်မြို့ မဏိရတနာခန်းမကြီး၌ မေ ၂၁ ရက်(စနေနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် မိုးကုတ်မြို့နယ်အတွင်းရှိ ကျောင်းအသီးသီးတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက်(၆၀)ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပူဇော်ကန်တော့ကြမည်ဖြစ်ရာ ဒုတိယအကြိမ် ကန်တော့ခံပြီးသော ရပ်ဝေးရပ်နီးမှ ဆရာကြီး၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကန်တော့ခံ ကြွရောက်ကြပါရန်နှင့် အလှူငွေများလှူဒါန်းလိုပါက ရန်ကုန်မြို့တွင် ဦးသိန်းအောင် ဖုန်း-၀၁-၅၅၅၆၉၃၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၄၉၂၂၃၄၈၇၊ ဦးသန်းဝင်း ဖုန်း-၀၉-၉၀၃၁၃၈၁၊ မန္တလေးမြို့တွင် ဒေါက်တာလွင်လွင်သန်း ဖုန်း-၀၉-၆၅၀၁၁၂၄၊ ဒေါ်ခင်ပြုံးကြည် ဖုန်း-၀၉-၆၈၀၂၄၉၇၊ ဦးမြင့်လွင် ဖုန်း-၀၉-၉၁၀၀၅၈၄၈၊ မိုးကုတ်မြို့တွင် ဒေါ်ခင်မာအေး ဖုန်း-၀၈၆-၂၀၀၇၃၊ ဦးမောင်မောင် ဖုန်း-၀၈၆-၂၀၄၆၆၊ ဦးတင်ညွန့် ဖုန်း-၀၈၆-၂၀၆၃၂၊ ဦးဝင်းမင်း ဖုန်း-၀၈၆-၂၀၀၈၂၊ ဦးချိုဦး ဖုန်း-၀၉-၃၁၃၉၄ နှင့် ဦးထွန်းဦး ဖုန်း-၀၈၆-၂၁၁၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ နာဂဝန်လမ်း၊ အမှတ်(၉၃၉)နေ
ဦးယဉ်ထွေး-ဒေါ်လှဝင်း(အငယ်တန်းအင်ဂျင်နီယာ(၁)မြို့ပြ၊ လမ်းစီမံကိန်းအထူး အဖွဲ့-၁၆)တို့၏သားကြီး
ဗိုလ်ကြီးအောင်သူ
B.C.Sc(D.S.A),B.C.Sc (Hons;) (UCSY)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ (၁၄၆)လမ်း၊ အမှတ်(၂၇)နေ
ဦးခင်ဇော်-ဒေါ်မြင့်မြင့်စိန် (ကောင်းကင်စံ-လိပ်သဲကျောက်နှင့်ဂဝံရောင်းဝယ်ရေး)တို့၏
တစ်ဦးတည်းသောသမီး
မမွန်မွန်ဇော်
LL.B(Law),LL.M(Part I)
Diploma In Business Studies (YIU)

တို့၏ ၂၂-၄-၂၀၁၁ ရက် (သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ဒုတိယမြို့နယ်တရားသူကြီး ဦးသန်းထိုက်စိုးအားလည်းကောင်း၊ ၂၄-၄-၂၀၁၁ ရက် (တနင်္ဂနွေနေ့)တွင် Sedona Hotel Grand Ballroom ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲအခမ်းအနားတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ဆောက်လုပ်ရေးဝန်ကြီးဌာန)နှင့်ဇနီးဒေါ်အေးအေးချစ်တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းပေးပါသော ဦးစိုးတင့် (ဒုတိယ အင်ဂျင်နီယာချုပ်-လေယာဉ်ကွင်း-ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ နေပြည်တော်)နှင့် ဇနီး ဒေါ်ညွန့်ညွန့်ရွှေတို့အားလည်းကောင်း၊ ကိုယ်တိုင်မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေး သီဆိုပေးပါသော ဒေါ်ရီရီသန့်နှင့် The Aces အဖွဲ့၊ မင်္ဂလာပန်းကြဲပေးပါသော မဝိုင်းရတနာထွေး၊ မင်္ဂလာပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မယုနန္ဒာထွေး၊ သတို့သားအရံ ဗိုလ်ကြီးသက်နိုင်ဦးနှင့် ဗိုလ်ကြီးနိုင်လင်း၊ သတို့သမီးအရံ မမေသူဇာလှိုင်နှင့် မဝါဆိုပန်းဦးဝေ၊ ဝတ်စုံ၊ ဆံပင်၊ မိတ်ကပ်နှင့် ပန်းအလှဆင်ပေးပါသော လင်းလင်း(တော်ဝင်သူ)နှင့်အဖွဲ့၊ မင်္ဂလာအခမ်းအနားအား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးအောင်သူ-မမွန်မွန်ဇော်

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်
ဦးဝင်းမြင့်(Pyay Strand Hotel)-ဒေါ်ဝေဝေနိုင်(အောင်နိုင်စာပေတိုက်)တို့၏သားငယ်၊
ဗိုလ်ကြီးသက်ခိုင်-ဒေါ်အိမွန်မွန်ဝင်းတို့၏ညီ
ဗိုလ်ကြီးဝင်းမြတ်တိုးနိုင် B.E(Chemical) (D.S.T.A)
နှင့်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ
ဦးကျော်ငွေ(2nd Engineer,Deena Shipping,UAE)-ဒေါ်အေးအေးချို
(တင်တင်ဝင်းစတိုး)တို့၏ တစ်ဦးတည်းသောသမီး၊
မောင်မျိုးသက်ပိုင်(ပထမနှစ်၊ ဆေးတက္ကသိုလ်-၁)၏အစ်မ
ဒေါက်တာဝင့်ဖူးငုံ M.B.,B.S(Ygn)

တို့၏ ၉-၄-၂၀၁၁ ရက်(စနေနေ့)တွင် Mingalar Garden Resort ၌ ကျင်းပပြီးစီးသော မင်္ဂလာပွဲအခမ်းအနားတွင် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမင်းနှင့် ဇနီး ဒေါ်နိုင်နိုင်မော်အားလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ် ဗိုလ်ချုပ်ခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းဌေးအားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးချုပ်စိန်မြင့်နှင့် ဇနီး ဒေါ်သိန်းမိုင်အားလည်းကောင်း၊ မင်္ဂလာလက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးလှဝင်းနှင့်ဇနီး ဒေါ်စန္ဒာထွန်းအားလည်းကောင်း၊ မင်္ဂလာစကားပြောကြားပေးပါသောပြည်တက္ကသိုလ်အငြိမ်းစားပါမောက္ခချုပ်ဦးမြဝင်းအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မဆုလေးနွယ်၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးပါသော မောင်ဉာဏ်လင်းထက်၊ မစံစံရည်မွန်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဗန်း ကိုင်ဆောင်ပေးပါသော မမေဖြိုးဇော်၊ သတို့သားအရံ ဗိုလ်ကြီးကုဋေအောင်နှင့်ဗိုလ်ရဲဇာနည်ဖြိုး၊ သတို့သမီးအရံ ဒေါက်တာအေးမြတ်မွန်နှင့် ဒေါက်တာချော့စုနန္ဒာတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး မဝေလွင်ဖူးအားလည်းကောင်း၊ ၁၀-၄-၂၀၁၁ရက်(တနင်္ဂနွေနေ့)တွင် ထျန့်ဟိုကုန်းမင်္ဂလာခန်းမ၌ ကျင်းပပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် အဘက်ဘက်မှ ကူညီပေးကြသော သူငယ်ချင်းများအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်၊ နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မေတ္တာဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြပါသော နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရအထူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးဝင်းမြတ်တိုးနိုင်-ဒေါက်တာဝင့်ဖူးငုံ

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် ဟားခါး-ကလေး ကားလမ်း မိုင်တိုင် (၁၁၈/၂)၌ ကတ္တရာထပ်ပိုးလွှာ ခင်းခြင်း လုပ်ငန်းကိုလည်းကောင်း၊ ဖလမ်းမြို့နယ် လိုင်ဗားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ငဆစ်ဗားရေအားလျှပ်စစ်စက်ရုံ တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ထောက်ပံ့ငွေပေးအပ်

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တီးတိန်မြို့နယ် သီရိဥတ္တမတောင်ထိပ်ရှိ ဆက်သွယ်ရေး မိုက်ကရိုဝေ့ဖ် စက်ရုံနှင့် ပိုးချည်စက်ရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ လူနာများအား ကြည့်ရှုအားပေးကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် တီးတိန်မြို့နယ်ခန်းမ၌ ဒေသခံပြည်သူများ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ လက်ရှိနိုင်ငံတော်၏ မူဝါဒလမ်းစဉ်များ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြီး အစိုးရနည်းပညာ အထက်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းနှင့် လူငယ်သင်တန်းကျောင်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂) ဗဟန်း(နန်ယန်)ကျောင်း အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီရုံးခန်းဖွင့်လှစ်ထား

ရန်ကုန် ဧပြီ ၃၀

အထက(၂) ဗဟန်း(နန်ယန်) ကျောင်း၌ အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကျင်းပနိုင်ရန် ဖြစ်မြောက်ရေးကော်မတီ၏ ရုံးခန်းကို မေ ၂ ရက် (တနင်္လာနေ့)တွင် အဆိုပါကျောင်း၌ စတင်ဖွင့်လှစ်ထားမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ လာရောက်ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ရုံးဖုန်း-၀၉-၈၅၈၇၇၀၇၊ မဇင်သီ-ဖုန်း-၀၉-၇၃၁၈၆၉၁၆ နှင့် မခင်မြတ်လှိုင်-ဖုန်း-၀၉-၇၃၀၄၀၁၀၉ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ
မျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

စက်မှုလက်မှုအထက်တန်းကျောင်း အမှတ်(၂)ရန်ကုန် (ဘောင်ဒရီ) အမှတ်(၂)တွင် ပညာသင်ကြားပေးခဲ့ကြသော ဆရာကြီး၊ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲနှင့် ကျောင်းသားများ ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ဒဂုံမြို့နယ်ရှိ ဒက္ခိဏာရုံပရိယတ္တိစာသင်တိုက်၌ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ဆရာကြီး၊ ဆရာမကြီးများအား ကန်တော့ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။

(ကြေးမုံ)





ငါးသိုင်းချောင်းမြို့ မြို့မဈေးအတွင်း စားသောက်ကုန်များ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ၊ မရှိကို မြို့နယ်စည်ပင်တာဝန်ခံ ဦးရဲထွန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကိုသိမြင် တောတွင်းလက်နက်ကိုင်အဖွဲ့များ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်

နေပြည်တော် ဧပြီ ၃၀

နိုင်ငံတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေခြင်း၊ တပ်မတော်အနေဖြင့်လည်း ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် နိုင်ငံတော်နှင့် တပ်မတော်တို့၏ သဘောထားအမှန်ကို သိမြင်နားလည်လာကြသော သောင်းကျန်းသူအဖွဲ့ဝင်အချို့သည် တစ်ဦးချင်းမှအစ အစုအဖွဲ့လိုက် နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ ရင်ခွင်သို့ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ-

အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် SSA(ဝမ်ဟိုင်း) အဖွဲ့မှ အိုက်ခမ်း၊ UWSA (၀)အဖွဲ့မှ အိုက်လော့တို့သည်လည်းကောင်း၊ မတ်လတွင် SSA(ဝမ်ဟိုင်း)အဖွဲ့မှ ဦးစိုင်းဆာအောင်၊ ဦးစံကျင်၊ ဦးစံလှတို့သည် အမ်-၄၅ ပစ္စတိုတစ်လက်၊ ကျည် ၁၅ တောင့်၊ ကျည်အိမ်နှစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ စိုင်းလှမောင်သည် လမ်းလျှောက်စကားပြောစက် တစ်လုံးတို့ဖြင့်လည်းကောင်း။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် KNPPသောင်းကျန်းသူ ရင်း(၃)၊ ခွဲ(၁)မှ တော်ရယ်သည် အမ်-၁၆ တစ်လက်၊ ကျည်အိမ်လေးခု၊ ကျည်တောင့် ၆၀ တို့ဖြင့် လည်းကောင်း။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်နယ်မြေ၌ ဇန်နဝါရီလတွင် KNU သောင်းကျန်းသူ စောလားဘွယ်အဖွဲ့မှ သန်းထိုက်စိုးသည်လည်းကောင်း၊ မတ်လတွင် KNU **စာမျက်နှာ ၃ ကော်လံ ၅ သို့ ☆**

ခရီးသည် ၂၅၀ အထိ လိုက်ပါစီးနင်းနိုင်သော ကမ္ဘာ့အရှည်လျားဆုံး ဘတ်စ်ကားကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဇီဝလောင်စာ အင်တာနက်သတင်း

ကမ္ဘာ့အရှည်လျားဆုံး ဘတ်စ်ကား ဘရာဇီးနိုင်ငံ၌ ပြေးဆွဲလျက်ရှိ

ဘရာစီလီယာ ဧပြီ ၃၀

ကမ္ဘာ့အရှည်လျားဆုံး ဘတ်စ်ကားတစ်စီးကို ဘရာဇီးနိုင်ငံ ကူရီတီဘာမြို့၌ စတင်ပြေးဆွဲလျက်ရှိကြောင်း သတင်းများတွင်ဖော်ပြသည်။

အဆိုပါ ဘတ်စ်ကားသည် ဇီဝလောင်စာကို စွမ်းအင်အဖြစ် အသုံးပြုသည်။

၂၈ မီတာအရှည်ရှိ ယင်းဘတ်စ်ကားကို ဗော်လ်ဗိုဒို ဘရာဇီးမော်တော်ယာဉ်ထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်သည်။ **စာမျက်နှာ ၈ ကော်လံ ၄ သို့ ❍**

ဘာသာပြန် သတင်း လုလင်

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၃၀ - ၄ - ၂၀၁၁

ပျဉ်းမနား	၁ ဒသမ ၅၇ လက်မ
နေပြည်တော်(ရေဆင်း)	၁ ဒသမ ၃၈ လက်မ
နေပြည်တော်(လေဆိပ်)	သုည ဒသမ ၇၈ လက်မ
သိုင်းချောင်း	၁ ဒသမ ၆၅ လက်မ
မြင်းမူ	၁ ဒသမ ၃၈ လက်မ
မာန်အောင်	၁ ဒသမ ၃၈ လက်မ
ပုသိမ်	၁ ဒသမ ၃၈ လက်မ
ပူတာအို	၁ ဒသမ ၂၂ လက်မ